ဟာဇရသ် မော်လာနာ မိုဟမ္မဒ် ဝါသွေ့ဟ် ရရှီးဒ် ဟာစနီ၊ နဒ်ဝီ၏

من قضايا الفكر الإسلامي الغَزْوُ الفِكْرِيّ

စာအုပ်အား မှီငြမ်းပြန်ဆိုထားသည့်

အတွေးအခေါ်စစ်ဆင်ရေး



ပြုစုသူ - မော်လဝီ အင်မ်ရားန်

(အလ်ကောင်ဆရီ)

ကြီးကြပ်သူ - မွဖ်သီ အာစွင်းမ်

(နဒ်ဝီ၊ မဇ္ဇာဟေရီ၊ အဗွလ်ဟာစနီ)

မာတိကာ

بسم الله الرحمن الرحيم

အလ်ဟားဂ်ျ မော်လာနာ မုဖ်သီ မုဟမ္မဒ် အာစွင်းမ်

(နဒ်ဝီ ၊ အဗုလ်ဟစနီ၊ မဇွာပဟ္ဂရီ) ၏ နိဒါန်းစကား

الحمد لله على جميع النعم ، والصلاة والسلام على سيدنا محمد ماجرى المداد بالقلم .

31/12/2023 ခုနှစ်က “**အခြေခံအစွလာမ့်သမိုင်းကျမ်း**” အတွက် အမှာစာ ရေးထားတဲ့ကလောင်လေး အနားပင်မယူရသေး..... မှင်ရည်များပင် မခြောက်သေး ... ဆရာအင်မ်ရားန်က သူ့ရဲ့ ပထမဆုံး လက်ရာမွန်ဖြစ်တဲ့ လွန်ခဲ့တဲ့ (၄) နှစ်ခန့်က ရေးထားတဲ့ **الغزو الفكري (အတွေးအခေါ် စစ်ဆင်ရေး= War of ideas)** နဲ့ပတ်သက်တဲ့စာအုပ် အချောသပ် ပြီးစီးသွားပြီဖြစ်ကြောင်း ပြောလာပါတယ်။ မြန်မာမွတ်စ်လင်မ်စာဖတ်ပရိသတ်ကို ကျွန်တော် ပေးအဖတ်ချင်ဆုံး စာအုပ် တစ်အုပ်ပါ။ ဘယ်လောက် ကောင်းသလဲဆိုတာကိုတော့ အဆုံးထိသာ ဖတ်ကြည့်လိုက်ပါ... ကောင်းတယ်ဆိုတာထက်ကို ပိုကောင်းပါတယ်။ သုတ၊ ရသ၊ နှလုံးသားအာဟာရတွေပါဝင်ပြီး ကျွန်တော်တို့ အတွေးအခေါ်တွေ၊ ခံစားချက်တွေကို ကိုင်လှုပ်ပစ်မယ့်စာအုပ်ပါ။

စာဖတ်ပရိသတ်ကြီးအနေနဲ့ ... စာအုပ်ပါ အချက်အလက်တွေကို သိခွင့်ရတာ နောက်ကျလိုက်တာလို့ ပြောကိုပြောဖြစ်မယ့် စာအုပ်ပါ။

စိုးတထိပ်ထိပ် ရင်တလှပ်လှပ်၊ စုတ်တသပ်သပ်နဲ့ ဖတ်ရမှာသေချာပါတယ်။

အမှားနဲ့အမှန်ကြား လွန်ဆွဲမှုများ

အမှားနဲ့အမှန်ကြား လွန်ဆွဲမှုများ၊ လူသားနဲ့ရှိုင်သွာန်ကြားက စဉ်ဆက်မပြတ်တဲ့တိုက်ပွဲတွေဟာ ကမ္ဘာဦးအစကတည်းကပါ... ထပ်ပြီးသမိုင်းကို နောက်ပြန်ရစ်ပြီးပြောရရင် လူသားကို စတင်ဖန်ဆင်းချိန်ကတည်းက စခဲ့တာပါ။

ရှိုင်သွာန်ကလည်း လူသားမျိုးနွယ်စုအပေါ် ကမ္ဘာကြေသော်လည်း ဥဒါန်း မကျေသူပါ။ ဒီလူသားမျိုးနွယ်စုကြောင့် သူပျက်စီးခဲ့ရပြီမို့ သူတို့ကို သွေးကြောထဲထိ ဝင်ရောက်ဖျက်ဆီးခွင့်နဲ့ နောက်ယှက်နိုင်မယ့်စွမ်းရည်စွမ်းပကားတွေ တောင်းခံခဲ့သူပါ။

ရှိုင်သွာန်ဟာ လူသားတွေကိုဖျက်ဆီးဖို့ ဗျူဟာပေါင်းစုံသုံးခဲ့ပါတယ်။ လူရှိုင်သွာန်တွေ မွေးခဲ့ပါတယ်။

အရှင်မြတ်မိန့်ထားသလိုပဲ وكذلك جعلنا لكل نبي عدوا شياطين الإنس والجن "နဗီတိုင်းအတွက် လူရှိုင်သွာန်၊ ဂျင်န်ရှိုင်သွာန်များကို ရန်သူအဖြစ် ပြုလုပ်ထားပါတယ်။" ပြီးတဲ့အခါ ဒီရှိုင်သွာန်နဲ့ သူ့ဘက်တော်သားတွေအား ကျွန်တော်တို့ လူသားမျိုးနွယ်စုတွေကို ကျွန်တော်တို့ မမြင်နိုင်တဲ့နေရာကနေ ကြည့်နေပါတယ်။

إِنَّهُۥ يَرَىٰكُمۡ هُوَ وَقَبِيلُهُۥ مِنۡ حَيۡثُ لَا تَرَوۡنَهُمۡۗ

ဂျန္နသ်ထဲမှာ သန္ဓေတည်ခဲ့တဲ့ ရှိုင်သွာန်ရဲ့ဒီအညိုးဟာ လောကမြေပေါ်ရောက်ရှိလာချိန်မှာတော့ ပိုမိုကြီးထွားလာခဲ့ပါတယ်။

ရှိုင်သွာန်နဲ့လူသားမျိုးနွယ်စုကြားကတိုက်ပွဲတွေဟာ ကမ္ဘာဦးအစကတည်းက အရှိန်အဟုန် ပြင်းထန်နေခဲ့ပါပြီ။

ကမ္ဘာကြီးရဲ့ အသက်ဘယ်လောက်ရှိပြီလဲ...။

ကမ္ဘာကြီးရဲ့ အသက်ဘယ်လောက်ရှိပြီလဲ...။ တိတိကျကျဖြေမရတဲ့ မေးခွန်းတစ်ခုပါ။ ကမ္ဘာဦးအစကတည်းက နဗီတမန်တော်ပေါင်း မည်မျှပွင့်ပေါ်ခဲ့ပါသနည်း...။ ဒီမေးခွန်းအတွက်လည်း တိကျတဲ့ အဖြေပေးဖို့ ခက်ပါတယ်။

သို့ပေမယ့် ဒီနဗီတွေရဲ့ ပွင့်ပေါ်ခြင်း၊ လူသားမျိုးနွယ်စုအတွက် အကျိုးပြုခဲ့ပုံ၊ လူသားတွေကို အရှင်မြတ်ဖက်သို့ဖိတ်ခေါ်ခဲ့ပုံ၊ သူတို့အတွက် အကောင်းလိုလား ပေးခဲ့ပုံတွေကတော့ အတိအကျကို ကျမ်းမြတ်ကုရ်အာန်ထဲမှာ ဖော်ပြထားပါတယ်။

နဗီတမန်တော်တိုင်းရဲ့ ခေတ်မှာရှိခဲ့တဲ့ ရှိုင်သွာန်ရဲ့တိုက်ခိုက်မှုတွေ၊ သူမွေးထားသူတွေပေးခဲ့တဲ့ ဒုက္ခတွေ၊ သူဖန်တီးခဲ့တဲ့ အမှန်နဲ့အမှား၊ လမ်းမှန်နဲ့ လမ်းမှားကြားက လွန်ဆွဲပွဲတွေအကြောင်းဟာလည်း ကျမ်းမြတ်ကုရ်အာန်နဲ့ ဟဒီးဆ်တော်များမှာ အတိအကျ ဖော်ပြထားပြီးသားပါ။

ဒီတော့ တမန်တော် အာဒမ် عليه السلام ခေတ်အခါသမယကနေ ကျွန်ုပ်တို့ နဗီကြီးရဲ့ ခေတ်ကြားရှိခဲ့တဲ့ သမိုင်းတွေကို ဆွဲချုံ့ပစ်လိုက်ပါမယ်။ သမိုင်းအချိုးအကွေ့တွေကို ကျော်ရစ်လိုက်ပါမယ်။

ကိုယ်တော်မြတ် صلى الله عليه وسلم နှင့် ခလီဖွာကြီးများခေတ်

ကျွန်ုပ်တို့နဗီကြီးဟာ ခရစ်နှစ်(၅၇၀)ကျော်မှာ ပွင့်ပေါ်ခဲ့ပါတယ်။ တမန်တော်အီစာ မိုးကောင်းကင်ပေါ် ကြွမြန်းပြီး နှစ် (၅၀၀) ကျော်ချိန်ပေါ့…။

📖 ကိုယ်တော်မြတ် صلى الله عليه وسلم ဟာ သက်တော်(၄၀)မှာ နဗီဘွဲ့ထူးချီးမြှင့်ခဲ့ရပြီး မက္ကာဟ်ရွှေမြို့တော်မှာ (၁၃) နှစ်နေထိုင်ခဲ့စဉ် ကုဖ်ရ်ရှိရ်က်ရဲ့အားပြိုင်မှုတွေ ရင်ဆိုင်ဖြေရှင်းခဲ့ရပါတယ်။

📖 မဒီနာရွှေမြို့တော်မှာ (၁၀) နှစ် နေထိုင်ချိန်မှာတော့ မိုနာဖိက်(သာသနာ့အယောင်ဆောင်များ)၊ ယဟူဒီများ၊ ရောမအင်ပါယာရှိခရစ်ယာန်များ၊ ပါရှန်းအင်ပါယာရဲ့ မုရှ်ရိက်တွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ရုပ်ဝါဒကိုးကွယ်မှုကိုလည်း အန်တုခဲ့ရပါတယ်။ သို့ပေမယ့်လည်း အခြေအနေတိုင်းမှာ အရှင်မြတ်ရဲ့ အကူအညီ၊ အရှင်မြတ်ရဲ့ ဖေးမကူညီမှုများနဲ့ရှိုင်သွာန်ရဲ့ စိန်ခေါ်မှုတိုင်းကို အောင်နိုင်ကျော်ဖြတ်ခဲ့ပါတယ်။

🕮 နဗီ့အရိုက်အရာဆက်ခံခဲ့ကြတဲ့ ခလီဖွာကြီးများ အုပ်ချုပ်ခဲ့တဲ့ နှစ်(၃၀) တာ ကာလမှာလည်း အတွင်းရန်၊ အပြင်ရန် အားလုံးနဲ့ ကြုံဆုံခဲ့ရပါတယ်။

အိုမဝီယာ၊ အဗ္ဗါစီယာ၊စပိန်အစ္စလာမ့်ခေတ်၊အော်တိုမာန် အင်ပါယာခေတ်များ

🕮 (၉၁)နှစ်တိတိကြာညောင်းခဲ့တဲ့ ဗနူအိုမိုင်ယဟ်ခေတ်မှာလည်း ဒီလိုပါပဲ အမျိုးမျိုး ထိုးနှက်မှုတွေရှိခဲ့ပါတယ်။ အဓိက ဒီကာလမှာ ရုပ်ဝါဒကိုးကွယ်ခြင်း၊ လောကကိုအထင်ကြီးခြင်း၊ အာခေရသ်ကိုမေ့လျော့ခြင်း၊ ဇိမ်ခံခြင်း၊ ဖြုန်းတီးခြင်း တွေဟာ သူတို့ရဲ့ အဓိကစရိုက်တစ်ခုဖြစ်သွားခဲ့ရပါတယ်။

🕮 နှစ်ပေါင်း (၅၀၀) ကျော်ကြာခဲ့တဲ့ အဗ္ဗါစီယာမင်းဆက်အုပ်ချုပ်စဉ်မှာ အတွင်းရန်အပြင်ရန်တွေအပြင်၊ အချင်းချင်းစည်းလုံးမှုပြိုကွဲအောင် ရှိုင်သွာန်ဟာ စွမ်းဆောင်နိုင်ခဲ့ပါတယ်။ လူတွေထဲမှာ လောကီစည်းစိမ်နောက်လိုက်ခြင်း၊ လူမျိုးကြီးဝါဒဖြန့်ချိခြင်းနဲ့ သာသနာရေးမှာ ပေါ့ဆမှုတွေကို အထင်းသားတွေ့မြင်လာရပါတယ်။

ဒီကာလမှာ ရှရီအသ်ကို ဦးနှောက်နဲ့ယှဉ်ထိုးစဉ်းစားတဲ့ အတွေးအခေါ်ဆိုး တစ်ခု သန္ဓေတည်လာခဲ့ပါတယ်။ ပြီးတဲ့အခါ အကီဒဟ်ပျက် ကပ်ဆိုးတစ်ခုလည်း မင်းမူလာခဲ့ပါတယ်။

🕮 စပိန်နိုင်ငံရဲ့ အစ္စလာမ့်ရွှေခေတ်ကြီးဟာလည်း နှစ်ပေါင်း(၈၀၀) ကျော်ကြာ ညောင်းခဲ့ပါတယ်။ ပညာအလင်းခနေ့စွဲတွေနဲ့ စည်းကားတဲ့ကာလပါပဲ။ နောက်ဆုံးတော့လည်း ဒီနိုင်ငံမှာ ကလိမဟ်ဖတ်ရွတ်ခြင်းဟာ အကြီးဆုံးအပြစ်ဖြစ်သွားခဲ့ပါတော့တယ်။

အစ္စလာမ့်အမွေအနှစ်များဖျက်ဆီးခံရခြင်း

📖 သမိုင်းမှာ အစ္စလာမ့်အမွေအနှစ်များ၊ အထိမ်းအမှတ်များဟာ (၃) ကြိမ်တိုင်တိုင် အကြီးအကျယ်ဖျက်ဆီးခံခဲ့ရပါတယ်။

(၁) တာတာလူမျိုးများ စိုးမိုးချိန် **(၂) စပိန်နိုင်ငံရဲ့ ဂါနာဒါကျ**ရှုံးချိန် (၃) ခရူးဆိတ်စစ်ပွဲများ ဖြစ်ပွားချိန် (၁၀၉၆မှ၁၂၉၁) ထိ။

📖 အော်တိုမန်အင်ပါယာဟာလည်း နှစ်ပေါင်း (၆၂၄) နှစ်တိုင် တည်တံ့ခဲ့ပါတယ်။ သူ့ခေတ်မှာလည်း အထက်က အင်ပါယာတွေမှာ ဖြစ်ပျက်ခဲ့သမျှ အားလုံးဟာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်လျက်ဖြစ်စေရှိခဲ့ပါတယ်။

သို့ပေမယ့် ဒီကာလမှာ ပိုသွားတာကတော့ **الغزو الفكري (အတွေးအခေါ် စစ်ဆင်ရေး= War of ideas)** ဖြစ်ပါတယ်။

အတွေးအခေါ်စစ်ဆင်ရေးစတင်သည့်အကြောင်းအရင်း

အဓိကအကြောင်းအရင်းကတော့ နှစ်ပေါင်း (၁၉၅) နှစ်တာ ကြာညောင်းခဲ့တဲ့ ခရူးဆိတ်စစ်ပွဲတွေပြီးချိန်မှာ အစ္စလာမ့်ရန်သူတွေ သဘောပေါက်သွားတာက မွတ်စ်လင်မ်တွေရဲ့ နှလုံးသားထဲမှာရှိနေတဲ့ အီမာန့်ခွန်အား၊ သူတို့မက်မောနေကြတဲ့ ရှဟာဒသ် (အစ္စလာမ့် အာဇာနည်ဖြစ်ခြင်း)၊ သူတို့ရဲ့ သေရမှာကို မကြောက်တဲ့ စိတ်ဓါတ်တွေကြောင့် သူတို့ကို ရုပ်အားဖြင့် ဘယ်သောအခါမှ လွှမ်းမိုးနိုင်မှာ မဟုတ်သလို သူတို့ရဲ့အောင်နိုင်မှုတွေကိုလည်း ဘယ်လိုမှ တားဆီးဟန့်တားနိုင်မှာ မဟုတ်ဘူး။

ဒီတော့ သူတို့ကို ရုပ်အားဖြင့်ဖြိုတာထက် နာမ်အားဖြင့်၊ အတွေးအခေါ်အားဖြင့်ဖြိုခွဲမှသာ ရရှိမှာဖြစ်ကြောင်း ပြင်သစ်ဘုရင် နဝမလူးဝစ် (၁၂၇၀ ကွယ်

လွန်) က သဘောပေါက်သွားပါတယ်။ သူ့နောက်လိုက်တွေကို အခုလို သေတမ်းစာ မှာခဲ့ပါတယ်။ ဒီသေတမ်းစာဟာ ပဲရစ်ပြတိုက်ထဲမှာ ဒီနေ့ထိရှိနေတယ်လို့လည်း သိရပါတယ်။

ဒီသေတမ်းစာမှာ အချက်(၄)ချက်ပါဝင်ပါတယ်။

၁။ မွတ်စ်လင်မ်ခေါင်းဆောင်များကြား ရန်တိုက်ပေးရေး။

၂။ အစ္စလာမ့်အုပ်ချုပ်မှုစနစ်ကို ဖျက်ဆီးပစ်ရေး၊ မွတ်စ်လင်မ်တွေထဲမှာ စာရိတ္တပျက်ပြားစေဖို့ ကြိုးပမ်းရေး။

၃။ အစ္စလာမ့်ခေါင်းစဉ်အောက်တွင် အီမာန်ကြိုးပမ်းရေးအဖွဲ့အစည်းများကို ရေရှည်တည်တံ့ခိုင်မြဲမှုမဖြစ်စေရေး။

၄။ နေမဝင်အင်ပါယာတစ်ခု တည်ထောင်ရေး။

နောက်ဆက်တွင်အနေနဲ့ မွစ်လင်မ်အမျိုးသမီးတွေထဲမှာ အရှက်မဲ့မှုတွေ၊ လုံခြုံတဲ့ အစ္စလာမ့်ဟေဂျားဗ်မုန်းစိတ်တွေ၊ အရဗီဘာသာစကားနဲ့ဝေးကွာစေခြင်း တွေကို ရည်ရွယ်ချက်ရှိရှိ ဖြန့်ချိလာခဲ့ပါတယ်။

ဤအချက်များကို အခြေခံကာ များစွာသောကြိုးပမ်းမှုများ၊ အဖွဲ့အစည်းများ ပေါ်ပေါက်လာခဲ့ပါတယ်။

ဒီလိုနဲ့ပဲ ကမ္ဘာကြီးမှာ ရုပ်ပိုင်းဆိုင်ရာစစ်ဆင်ရေးများနဲ့အတူ နာမ်ပိုင်းဆိုင် ရာ၊ အတွေးအခေါ်ပိုင်းဆိုင်ရာ စစ်ဆင်ဆေးရေးတွေဟာလည်း စတင်လာခဲ့ပါတော့ တယ်။ မွတ်စ်လင်မ်တွေရဲ့ နာမ်ပိုင်း၊ အီမာန်ပိုင်း၊ သာသနာ့ချစ်စိတ်ပိုင်းတွေကို ပစ်မှတ်ထားလာခဲ့ပါတယ်။ သူတို့ထဲမှာ (Secularism) လောကီသီးသန့်ဝါဒကို လည်း သွတ်သွင်းဖို့ကြိုးစားကြပါတယ်။

ယနေ့ခေတ် အာလင်မ်များနှင့်မွတ်စ်လင်မ်အပေါင်းတို့၏ တာဝန်

(၂၁)ရာစုနှစ်၊ IT ခေတ်မှာနေထိုင်တဲ့ ကျွန်တော်တို့အားလုံးဟာ ဒီစစ်ဆင်ရေးတွေကိုသိဖို့ အလွန်ပဲလိုအပ်ပါတယ်။ အထူးသဖြင့် အာလင်မ်သာသနာ့ပညာရှင်များအတွက်က ဒါတွေကို သိရှိနားလည်ပြီး တတ်စွမ်းနိုင်တဲ့ဘက်ကနေ ကာကွယ်ပေးဖို့ဆိုတာက သာသနာပေးတာဝန်တစ်ရပ်ဖြစ်ပါတယ်။

ဒီ الغزو الفكري (အတွေးအခေါ် စစ်ဆင်ရေး= War of ideas) ကို الفكر الإسلامي (Islamic Thought = အစ္စလာမ့်အတွေးအခေါ်) အွမ္မသ်အတွက် သောကပိုက်ခြင်းတွေနဲ့သာ ရင်ဆိုင်ဖြေရှင်းနိုင်မှာပါ။

အစ္စလာမ့်အတွေးအခေါ်ပညာရှင်ကြီး မော်လာနာအဗုလ်ဟစ်အလီ(နဒ်ဝီ) رَحِمَهُ ٱللَّٰهُ နှင့် တပည့်သားချင်းများ၏ ကြိုးပမ်းမှု

ဒီသဘောတရားတွေကို ဂဃနဏနားလည်သဘောပေါက်ပြီး အွမ္မသ်ကို အချိန်မီ သတိပေးနှိုးဆော်ခဲ့တဲ့ အစ္စလာမ့်အတွေးအခေါ်ပညာရှင်ကြီး အေမာမ်စိုင်ယစ်ဒ်အဗုလ်ဟစ်အလီ(ဟစနီ၊နဒ်ဝီ) رَحِمَهُ ٱللَّٰهُ သခင်ကြီးကို အရှင်မြတ် ကောင်းသောအစားများ ချီးမြှင့်ပေးသနားတော်မူပါစေ။ ဤပုဂ္ဂိုလ်ကြီးနဲ့ တပည့်အပေါင်းတို့က ကျွန်ုပ်တို့ကို ကလောင်းစွမ်းဖြင့်တဖုံ၊ ဟောကြားချက်များဖြင့်တနည်း သင်ကြားပို့ချပေးခဲ့ပါတယ်။

ထိုတပည့်များအနက် ဟဇရသ်မော်လာနာစိုင်ယစ်ဒ် မုဟမ္မဒ်ဝါဇွေ့ဟ် ရရှီးဒ် (ဟစနီ၊ နဒ်ဝီ) رَحِمَهُ ٱللَّٰهُ (ယခင်နဒ်ဝသုလ်အိုလမာကျောင်းတော်၏ ပညာရေးမှူး)ဟာ ဒီကဏ္ဍမှာ အရှင်မြတ်ဘက်တော်ကနေ သီးခြားပါရမီတစ်ခုကို ချီးမြှင့်ခြင်းခံထားရပါတယ်။ သခင်ကြီးဟာ ခေတ်ပညာနှင့်သာသနာ့ပညာနှစ်ရပ်လုံးကို ပူးတွဲတတ်

မြောက်သူလည်းဖြစ်၊ အရဗီ၊ အူရဒူ၊ ဖွာရစီ၊ အင်္ဂလိပ်ဘာသာကို စာပေအနုပညာ မြောက်တတ်ကျွမ်းသူ ဖြစ်ပါတယ်။

သဖ်စီးရ်နှင့်သမိုင်းပညာရပ်တို့ကို တစ်ဖက်ကမ်းခပ်ကျွမ်းကျင်ပြီး ကိစ္စရပ်တိုင်းကို သုံးသပ်ရာတွင် ပြိုင်စံရှားအရည်အချင်းများကို ပိုင်ဆိုင်ထားသူဖြစ်ပါတယ်။ မည်မျှပင် ခက်ခဲနက်နဲသည့် ကိစ္စဖြစ်ပါစေ အလွယ်တကူဖြေရှင်းကာ အဖြေထုတ်ပေးလေ့ရှိပါတယ်။ ကမ္ဘာကြီးနဲ့အမြဲအဆက်အသွယ်ထားသူဖြစ်ပြီး ကမ္ဘာ့မွတ်စ်လင်မ်တို့အရေးကို စဉ်ဆက်မပြတ် သုံးသပ်နေသူလည်းဖြစ်ပါတယ်။ ကျွန်တော်သည် ဆရာကြီးအပါးတွင် (၄) နှစ်ခန့် ခစားခွင့်ရရှိခဲ့ပြီး ဆရာကြီးထံမှ အစွလာမ့်အတွေးအခေါ်များကို အနီးကပ်သင်ယူခွင့်လည်း ရရှိခဲ့ပါတယ်။ ဆရာကြီးရဲ့ စာပေဟောပြောပွဲအများစုကိုလည်း တိုက်ရိုက် နားထောင်ခွင့် ရရှိခဲ့ပါတယ်။ ولله الحمد والمنة

الغزو الفكري(အတွေး အခေါ် စစ်ဆင်ရေး = War of ideas) မူရင်းကျမ်းနှင့်မြန်မာကျမ်း

ဆရာကြီးမဆုံးခင် အရဗီဘာသာသာနဲ့ရေးသားပြုစုခဲ့တဲ့ الغزو الفكري (အတွေးအခေါ် စစ်ဆင်ရေး = War of ideas) ကျမ်းပါအချက်အလက်များဟာ မွတ်စ်လင်မ်တိုင်း သိဖို့အရေးကြီးလိုအပ်လှပါတယ်။

ဆရာကြီးရဲ့ တင်ပြချက်တွေဟာ ရိုးရှင်း၊ တိုတောင်းပြီး မှတ်သားရလွယ်ကူပါတယ်။ ရှည်လျားလှတဲ့ သမိုင်းအခန်းကဏ္ဍကြီးတွေကို ခိုင်မာကျစ်လျစ်စွာနဲ့ အကျဉ်းရုံးတင်ပြထားခြင်းဟာ ထိုစာအုပ်ရဲ့ထူးခြားချက် ဖြစ်ပါတယ်။

အွမ္မသ်အတွက် အကျိုးရှိလှတဲ့ ဒီစာအုပ်ပါအချက်အလက်များရဲ့ အနှစ်ချုပ်ကို မျိုးဆက်သစ်အာလင်မ်ပညာရှင် မော်လာနာအင်မ်ရားန် အလ်ကောင်ဆရီ က မြန်မာဘာသာနဲ့ တင်ပြလိုက်ပါပြီ။

မော်လာနာအင်မ်ရားန်သည် မကြာမီကပင် "အခြေခံအစ္စလာမ့်သမိုင်း" ကျမ်းပြုစုထားသူဖြစ်ပြီး ပရိသတ်၏ တခဲနက်ထောက်ခံမှုကို ရရှိထားသူဖြစ်ပါတယ်။

မော်လာနာသည် ကျမ်းကြီးကျမ်းငယ်များတွင် ဤဘာသာရပ်နှင့်စပ်လျဉ်းတဲ့ ရေးသားချက်အနှစ်ချုပ်ကို အနှစ်သာရပါပါတင်ပြထားပါတယ်။ ခံစားချက်ကို ပစ်မှတ်ထားပြီး နှလုံးသားကို ကိုင်လှုပ်သွားပါလိမ့်မယ်။

မော်လာနာအနေဖြင့် ဤကျမ်းငယ်ကို လွန်ခဲ့သော (၄) နှစ်ခန့်ကတည်းက မန္တလေးမြို့ တောင်ဆင်ကျုံးဗလီဝင်းအတွင်း ဖွင့်လှစ်ထားသည့် ABUBAKR EDUCATION CENTER တွင် (ခေတ်ပညာတတ်များအတွက် (၅)နှစ်တာ အာလင်မ်သင်ရိုးတွင် ပြဋ္ဌာန်းအဖြစ် စတင်ရေးသားခဲ့ပါတယ်။ ဤမှတဆင့် အခြားသော နေရာများတွင်လည်း သင်ကြားရာ အကျိုးဖြစ်ထွန်းကြောင်း တွေ့ရှိရပါတယ်။

ဤကျမ်းငယ်၏ ထူးခြားချက်များမှာ ....

❍ ရိုးရှင်းလွယ်ကူလှသော ရေးနည်းရေးဟန်ကို အသုံးပြုထားခြင်း။

❍ الغزو الفكري (အတွေးအခေါ် စစ်ဆင်ရေး= War of ideas) ပညာရပ်ဆိုင်ရာ ကဏ္ဍများအား စုံလင်စွာ တင်ပြထားခြင်း။

❍ တင်ပြသမျှမှာ ခိုင်လုံတိကျခြင်း။

မော်လာနာအနေဖြင့် ကျွန်ုပ်တို့မြန်မာနိုင်ငံရှိ (အတွေးအခေါ် စစ်ဆင်ရေး= War of ideas)ဆိုင်ရာနယ်ပယ်၏ တောင်းဆိုချက်တစ်ရပ်ကို ဖြည့်ဆည်းလိုက်ခြင်းဖြစ်သည်ဟု မှတ်ချက်ပြုပါရစေ။ ကျွန်ုပ်၏ မပြည့်စုံသော လေ့လာချက်အရ ဤကျမ်းမှာ ဤနယ်ပယ်တွင် စာဖတ်ပရိသတ်အတွက် ရောက်ရှိလာသော ပထမဆုံးကျမ်းဖြစ်ပါလိမ့်မယ်။

ကျွန်ုပ်သည်လည်း ဤကျမ်းကို စ၊ လယ်၊ ဆုံး တစ်ကြိမ်ထက်မနည်း ကြည့်ရှုခွင့်ရရှိခဲ့ပါတယ်။ လိုအပ်သည်များကိုလည်း အကြိမ်ကြိမ် ဝိုင်းဝန်းပြင်ဆင်ခဲ့ကြပါတယ်။

အကြံပြုချက်

ဤကဲ့သို့ အဖက်ဖက်မှ ဝိုင်းဝန်းကြိုးပမ်းထားပေမယ့်လည်း လိုအပ်ချက်များ၊ အမှားများမှာလည်း ဆက်လက်ရှိနေဦးမှာပါ။ စာရှုသူများဘက်မှ တစ်စုံတစ်ရာအကြံပြုလိုပါက၊ အမှားပြင်ဆင်ချက် တစ်စုံတစ်ရာ ချီးမြှင့်လိုပါက ကျမ်းရှင်၏ နံပတ် (09-785651939) ကို တိုက်ရိုက်ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

အာလင်မ်ကျောင်းတော်များ၏ ကျောင်းအုပ်ဆရာကြီးများ၊ ပညာရေးတာဝန်ခံများအနေဖြင့် ဤစာအုပ်ကို လေ့လာကြည့်ပြီး မိမိတို့သင်ရိုးတွင် ပြဋ္ဌာန်းစာအုပ်ဖြင့် ထည့်သွင်းမည်ဆိုလျှင် များစွာအကျိုးရှိလိမ့်မည်လို့ မျှော်လင့်ပါတယ်။

နိဂုံးချုပ်ဒိုအာ

မြင့်မြတ်တော်မူသော အရှင်မြတ် ဤကျမ်းငယ်ကို အထူးလက်ခံသဘောတူတော်မူပါစေ။ ဤကျမ်းပြုစုသူများ၊ ဤကျမ်းဖြစ်မြောက်ရေးတွင် အဖက်ဖက်မှ အုပ်တစ်ချပ်သဲတစ်ပွင့် ပါဝင်ခဲ့ကြသူများ၊ ဤကျမ်းကို သင်ပေးသင်ယူလုပ်သူများကိုလည်း နှစ်ဘဝနှစ်ဌာနတွင် လိုတရအဆင့်ကို ပိုင်ဆိုင်ခွင့်ချီးမြှင့်ပေးသနားတော်မူပါစေ။

ဤကျမ်းငယ်ဖြင့် အွမ္မသ်ထုတစ်ရပ်လုံးကိုလည်း ကေယာမသ်တိုင် အကျိုးခံစားခွင့်များ ချီးမြှင့်ပေးသနားတော်မူပါစေဟု ဆုမွန်ကောင်းများ အရှင်မြတ်ထံ တောင်းခံရင်း.....

မုဟမ္မဒ် အာစွင်းမ် (နဒ်ဝီ၊အဇ္ဖလ်ဟာစနီ၊ မဒ္ဒာဟော့ရီ)

ဟစ်ဂျ်ရီ (၁၄၄၅)ခု၊ ရဂျဗ် (၁၆)ရက်

28/1/2024(တနင်္ဂနွေနေ့)

နိဒါန်း

ကျွန်တော်တို့သတိမမူမိခင်မှာပဲ ကျွန်တော်တို့ရဲ့ အတွေးအခေါ်တွေဟာ စနစ်တကျတိုက်ခိုက်ပုံသွင်းခံနေခဲ့ရပြီးပါပြီ။

အသက်အန္တရာယ်ပေးနိုင်တဲ့ လက်နက်ကိုင်ရန်သူကို အလွယ်တကူသိနိုင်ပါတယ်။ သို့သော် အတွေးအခေါ်ကိုအန္တရာယ်ပေးတဲ့ လက်နက်မဲ့ရန်သူတွေကို သိမြင်ဖို့ခက်ခဲပါတယ်။

ဒီအတွေးအခေါ်စစ်ဆင်ရေး ဘယ်လိုစတင်ပေါ်ပေါက်လာခဲ့သလဲ။ မွတ်စ်လင်မ်လူ့အဖွဲ့အစည်းထဲမှာ ဘယ်လိုစိမ့်ဝင်ပြန့်နှံ့နေသလဲ။

ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်တဲ့အခါ အရေးအကြီးဆုံးအချက်က အခြေအနေမှန်ကို သေသေချာချာသိမြင်နားလည်ထားဖို့ဖြစ်တယ်။ ဒီလိုသိနားလည်မှသာ လိုအပ်တဲ့အစီအစဉ်တွေကို ချမှတ်နိုင်ပါလိမ့်မယ်။ ကျွန်တော်တို့အနေနဲ့ မိမိတို့မွတ်စ်လင်မ်လူ့အဖွဲ့အစည်းရဲ့ အတွေးအခေါ်ယိုယွင်းမှုတွေ၊ ယုံကြည်ချက်ပိုင်းဆိုင်ရာအားနည်းမှုတွေ၊ ကျင့်ကြံမှုပိုင်းဆိုင်ရာလိုအပ်ချက်တွေနဲ့ ပတ်သတ်ပြီး သိတန်သလောက် သိကြပါတယ်။ အဆိုပါအားနည်းချက်တွေကိုဖြစ်စေသောအကြောင်းအရင်းများထဲမှ အကြောင်းအရင်းအချို့ကို ဒီစာအုပ်မှာ တင်ပြပါမယ်။

မော်လနာဝါသွေ့ဟ်ရှရီးဒ်နဒ်ဝီ (ရဟ္မ) ရဲ့ **"အလ်ဂဇ်ဝွလ်ဖိက်ရီး"** အမည်ရှိ အရဗီဘာသာနဲ့ရေးသားထားတဲ့စာအုပ်ကို မှီငြမ်းကိုးကားပြီး ဒီစာအုပ်ကို ရေးသားထားပါတယ်။ လူအများအလွယ်တကူနားလည်နိုင်ဖို့ ရည်ရွယ်ထားတဲ့အတွက် မူရင်းစာအုပ်ပါ ပညာရပ်ဆိုင်ရာအသေးစိတ်တင်ပြမှုများကို ထည့်သွင်းထားခြင်းမရှိပါဘူး။ မူရင်းစာအုပ်က သင်ခန်းစာပို့ချချက်များကို စုစည်းထားတာဖြစ်တဲ့အတွက် ပညာရပ်ဆိုင်ရာအသေးစိတ်အချက်အလက်များ ပါဝင်ပါတယ်။ စာရေးသူအနေနဲ့ အများနားလည်ရလွယ်ကူစေရန် ပညာရပ်ဆိုင်ရာအချက်အလက်များကို အသေးစိတ်ဖော်ပြခြင်းမပြုတော့ဘဲ အကြောင်းအရာများကို အတိုချုံးပြီးလွယ်ကူရှင်းလင်းစွာ ပြန်လည်တင်ပြထားပါတယ်။

အခြေအနေတွေကိုအမှန်အတိုင်း သိမြင်လာစေပြီး တစ်စုံတရာအကျိုး ဖြစ်စေလိုသောဆန္ဒနဲ့ ပြန်လည်မျှဝေတင်ပြခြင်းဖြစ်ပါတယ်။

✍ အင်မ်ရာန်း (အလ်ကောင်စရီ၊ ပဲနွယ်ကုန်း)

အခန်း ၁။ အတွေးအခေါ်စစ်ဆင်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ

(War of ideas)

(၁) အတွေးအခေါ်စစ်ဆင်ရေးဆိုသည်မှာ

အုပ်စုတစ်စုက အခြားအုပ်စုတစ်စုအပေါ် ဩဇာလွှမ်းမိုးနိုင်ဖို့အတွက် စစ်လက်နက်ပစ္စည်းတွေမသုံးဘဲ အနုနည်းနဲ့သိမ်းသွင်းခြင်းကို အတွေးအခေါ်စစ်ဆင်မှုပြုခြင်းလို့ ခေါ်ပါတယ်။ အတွေးအခေါ်စစ်ဆင်ရေးဆိုတဲ့ အသုံးအနှုန်းက ဟိဂျ်ရီ (၁၄) ရာစုနှောင်းပိုင်းမှာ တွင်ကျယ်လာတဲ့ အသုံးအနှုန်းတစ်ခုဖြစ်တယ်။ ဒီအချိန်ကာလရောက်မှ အဆိုပါအကြောင်းအရာနဲ့ပတ်သတ်ပြီး မွတ်စ်လင်မ်ပညာရှင်တွေက စတင်ရေးသားတင်ပြခဲ့ကြတယ်။

(၂) အတွေးအခေါ်စစ်ဆင်ရေး၏ ရည်ရွယ်ချက်

မွတ်စ်လင်မ်တွေ ယုံကြည်ချက်ပိုင်းဆိုင်ရာ အားနည်းအောင်၊ ကိုယ်ကျင့်တရားတွေကို စွန့်ပယ်အောင်၊ စည်းလုံးညီညွတ်မှုပြိုကွဲပြီး အင်အားလျော့နည်းအောင်စတဲ့ရည်ရွယ်ချက်တွေနဲ့ အစ္စလာမ့်ရန်သူများက အတွေးအခေါ်စစ်ဆင်မှုပြုခြင်းဖြစ်တယ်။ သူတို့ဘာကြောင့် ဒီလိုလုပ်ကြသလဲဆိုတဲ့ မေးခွန်းရဲ့အဖြေကတော့ ထင်ရှားပါတယ်။ အတွေးအခေါ်နဲ့ယဉ်ကျေးမှုအရ ကျွန်ပြုခံလိုက်ရတဲ့ မွတ်စ်လင်မ်လူ့အဖွဲ့အစည်းဟာ သူတို့အတွက် ပြိုင်ဘက်မဟုတ်တော့ဘဲ သူတို့စိတ်ကြိုက်ကြိုးဆွဲနိုင်မဲ့ ရုပ်သေးရုပ်ဖြစ်သွားပါလိမ့်မယ်။

(၃) အတွေးအခေါ်စစ်ဆင်ရေးအကြောင်းသိရှိရန်အရေးကြီးခြင်း

အစ္စလာမ့်ယုံကြည်ချက်တွေကို ပုံစံမပျက်ထိန်းသိမ်းဖို့၊ အစ္စလာမ့်ယဉ်ကျေးမှုနဲ့ ကိုယ်ကျင့်တရားစံနှုန်းတွေကို ကာကွယ်ဖို့၊ လိုအပ်တဲ့တုန့်ပြန်ချက်တွေ ပြုလုပ်နိုင်ဖို့ ဦးစွာပထမ အတွေးအခေါ်ထိုးစစ်နဲ့ပတ်သတ်ပြီး သေသေချာချာသိရှိနားလည်ဖို့ အရေးကြီးပါတယ်။

(၄) အတွေးအခေါ်စစ်ဆင်ရေး၏ အန္တရာယ်

သမားရိုးကျစစ်ဆင်ရေးတွေမှာက စစ်တပ်အင်အားနဲ့ လက်နက်တွေသုံးပြီး နယ်မြေသိမ်းတယ်။ ဒေသခံတွေကို ကျွန်ပြုတယ်။ အတွေးအခေါ်စစ်ဆင်ရေးက အတွေးအခေါ်အယူအဆတွေကို လိုချင်တဲ့ပုံစံသွင်းပြီး ဦးနှောက်ကို ကျွန်ပြုတယ်။ သမားရိုးကျစစ်ဆင်ရေးထက် အတွေးအခေါ်စစ်ဆင်ရေးက ပိုပြီးအန္တရာယ်များတယ်။ ဘာကြောင့်လဲဆိုတော့ အတွေးအခေါ်စစ်ဆင်ရေးမှာ ပစ်မှတ်က ခန္ဓာကိုယ်မဟုတ်ဘူး။ ဦးနှောက်အတွေးအခေါ်ဖြစ်တယ်။ အတွေးအခေါ်ဆိုတာ ခန္ဓာကိုယ်ရဲ့မောင်းနှင်သူဖြစ်တယ်။ ဒါကြောင့် အတွေးအခေါ်ကျရှုံးသွားရင် ကျန်တဲ့ကဏ္ဍအားလုံးမှာလည်း ကျရှုံးပြီးသားဖြစ်သွားမယ်။ ဒါကြောင့် စစ်တိုက်ဖို့မလိုဘဲ ထိန်းချုပ်နိုင်လို့ အတွေးအခေါ်ထိုးစစ်က ပိုပြီးအန္တရာယ်များပါတယ်။

(၅) အတွေးအခေါ်စစ်ဆင်ရေး နောက်ခံသမိုင်း

အစ္စလာမ်သာသနာဟာ စတင်ပေါ်ပေါက်ကတည်းက ရန်သူတွေရဲ့ ထိုးနှက်တိုက်ခိုက်မှုမျိုးစုံကို ကြုံကြိုက်ခဲ့ရတယ်။ တမန်တော်မုဟမ္မဒ် (ﷺ) ပြုပြင်ပြောင်းလဲခဲ့တဲ့ ဆွဟာဗာများမျိုးဆက်ကနေစပြီး မွတ်စ်လင်မ်လူ့အဖွဲ့အစည်းဟာ စစ်အင်အား၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ လူနေမှုစနစ်စတဲ့ ကဏ္ဍအသီးသီးမှာ ဖွံ့ဖြိုးတိုးတက်ခဲ့

တယ်။ ခလီဖာကြီးလေးပါးခေတ်နဲ့ အိုမိုင်ယာအင်ပါယာခေတ်တွေမှာ ခရစ်ယာန်ဘုန်းတော်ကြီးအချို့က အစ္စလာမ်သာသနာကို ထိုးနှက်ဝေဖန်မှုတွေပြုခဲ့ပေမဲ့ ကျယ်ကျယ်ပြန့်ပြန့်မဖြစ်ခဲ့ဘူး။ အဗ္ဗာစီယာအင်ပါယာခေတ်မှာ ပညာရေးလောကထဲကို ဂရိဒဿနပညာရပ်စိမ့်ဝင်လာပြီး အစ္စလာမ့်ယုံကြည်ချက်တွေကို ပုံဖျက်တဲ့ မုအ်သဇေယာဂိုဏ်း ပေါ်ပေါက်လာခဲ့တယ်။ အေမာမ်အဟ်မဒ်ဗင်န်ဟန်ဗလ်၊ အေမာမ်ဂဇာလီတို့လို ပညာရှင်တွေရဲ့ကာကွယ်မှုကြောင့် ဒီဂိုဏ်းရဲ့အန္တရာယ်ကို မွတ်လင်မ်လူ့အဖွဲ့အစည်းက ရှောင်ရှားနိုင်ခဲ့တယ်။

ဟိဂျ်ရီ (၅) ရာစု၊ ခရစ်နှစ် (၁၁) ရာစုမှာ ဥရောပခရစ်ယာန်နိုင်ငံတွေနဲ့ အစ္စလာမ့်နိုင်ငံများအကြား ခရူးဆိတ်စစ်ပွဲတွေဖြစ်ပွားခဲ့တယ်။ နှစ်ပေါင်း (၃၀၀) နီးပါးကြာရှည်ခဲ့တဲ့ ဒီခရူးဆိတ်စစ်ပွဲတွေအပြီးမှာ ဥရောပနိုင်ငံတွေရဲ့ စီစဉ်တကျပြုလုပ်ခဲ့တဲ့ အတွေးအခေါ်စစ်ဆင်ရေးတွေ စတင်ခဲ့တယ်။ ဒီအချိန်ကနေ စတင်ခဲ့တဲ့ အတွေးအခေါ်စစ်ဆင်ရေးတွေက ခေတ်ကာလနဲ့အညီ ပုံစံအမျိုးမျိုးနဲ့ ယနေ့အချိန်အထိ ဖြစ်နေဆဲဖြစ်တယ်။

အခန်း ၂။ ဥရောပယဉ်ကျေးမှုသမိုင်းစဉ်

အစ္စလာမ်သာသနာနဲ့ မွတ်စ်လင်မ်တွေအပေါ် အတွေးအခေါ်စစ်ဆင်ခြင်းဆိုတာ မွတ်စ်လင်မ်လူ့အဖွဲ့အစည်းမှာ ဥရောပယဉ်ကျေးမှုသွတ်သွင်းပြီး အစ္စလာမ့်လမ်းစဉ်တိမ်ကောပပျောက်စေဖို့ လုပ်ဆောင်ခြင်းကို ခေါ်ဆိုပါတယ်။ ဒါကြောင့် ဥရောပယဉ်ကျေးမှုအကြောင်း ဦးစွာသိရှိနားလည်ဖို့ အရေးကြီးပါတယ်။

ဥရောပအမှောင်ခေတ်

ဥရောပလူ့အဖွဲ့အစည်းမှာ ပညာရေးတိုးတတ်မှုနဲ့ တီထွင်ကြံဆမှုတွေ မပေါ်ပေါက်သေးမီက အခြေအနေကို အနည်းငယ်တင်ပြပါမယ်။ (၇) ရာစုခန့်ကနေ (၁၀) ရာစုကျော်အထိ ဥရောပရဲ့အခြေအနေက ကဏ္ဍပေါင်းစုံမှာ နိမ့်ကျနေခဲ့တယ်။ သမားရိုးကျလယ်ယာစိုက်ပျိုးရေးစနစ်သာရှိပြီး ပြတင်းပေါက်မပါတဲ့ သစ်လုံးထွင်းအိမ်လေးတွေထဲမှာ အိမ်မွေးတိရိစ္ဆာန်တွေနဲ့အတူ မိသားစုဝင်တွေ စုပြုံနေထိုင်ကြတယ်။ ဥပဒေစိုးမိုးမှုကင်းမဲ့ပြီး ဓါးပြတိုက်ခြင်း၊ ခိုးဝှက်ခြင်းနဲ့ အနုကြမ်းစီးခြင်းစတဲ့ ဒုစရိုက်မှုမျိုးစုံပြန့်နှံ့နေခဲ့တယ်။ မြို့ရွာတိုင်းမှာ ရွှံ့နွံထူထပ်တဲ့ လမ်းတွေသာရှိပြီး မကြာခဏပြန့်နှံ့လာတတ်တဲ့ ကူးစက်ရောဂါတွေနဲ့ လုံးခြာလည်နေခဲ့တယ်။

ဒီအချိန် အစ္စလာမ့်ကမ္ဘာမှာက ဘဂ္ဂဒတ်၊ စမရ်ကန္ဒ်၊ ဘဆွရာ၊ ဒမတ်စကတ်နဲ့ ကော်ဒိုဗာတို့လို မြို့ကြီးပြကြီးတွေ အများအပြားပေါ်ပေါက်နေပြီဖြစ်တယ်။ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဆောက်လုပ်ရေး စတဲ့ ကဏ္ဍပေါင်းစုံမှာ ဖွင့်ဖြိုးတိုးတက်နေပြီဖြစ်တယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီးစနစ်ကျတဲ့ အဆင့်မြင့်မြို့ပြလူနေမှုစနစ်ကို ဖော်ဆောင်ထားနိုင်ခဲ့ပြီဖြစ်တယ်။ ဆန်းသစ်တဲ့ဗိသုကာဒီဇိုင်းတွေနဲ့တည်ဆောက်ထားတဲ့ အဆောက်အဦးတွေ၊ ညီညာပြန့်ပြူးတဲ့လမ်းကျယ်ကြီးတွေ၊ စနစ်တကျဖော်ဆောင်ထားတဲ့ရေမြောင်းစနစ်နဲ့ သန့်ရှင်းလှပတဲ့ဥယျာဉ်လေးတွေထည့်သွင်းတည်ဆောက်ထားတဲ့ မြို့ပြလူနေမှုစနစ်က အစ္စလာမ့်ကမ္ဘာမှာ စနစ်တကျနေရာယူနေပြီဖြစ်တယ်။

ဟော်လန်နိုင်ငံသား အရှေ့တိုင်းဝါဒီပညာရှင် **Reinhart Dozy** တင်ပြတယ်။ ဥရောပသားတွေ မသိနားမလည်မှုအမိုက်အမှောင်ထဲနစ်မွန်းနေချိန် အစ္စလာမ့်ကမ္ဘာမှာ အသိပညာ၊ ယဉ်ကျေးမှုအနုပညာနဲ့ လက်မှုပညာရပ်တွေ တွင်ကျယ်တိုးတက်ပြီး ကြွယ်ဝချမ်းသာတဲ့ မြို့ကြီးပြကြီး အများအပြားပေါ်ပေါက်နေခဲ့ပြီ။ ဥရောပမြို့ကြီးတွေဆိုတာ ယနေ့ခေတ်နယ်စွန်နယ်ဖျားက မတိုးတက်သေးတဲ့ဒေသတွေလို ပညာနဲ့ယဉ်ကျေးမှု ခေါင်းပါးနေတုန်းပဲ။ ပြင်သစ်သမိုင်းပညာရှင်တစ်ဦးက တင်ပြတယ်။ စပိန်အစ္စလာမ့်အင်ပါယာမှာ လူတိုင်းနီးပါး ပညာတတ်မြောက်ချိန် ဥရောပအထက်တန်းလွှာမှာတောင် ပညာတတ်မြောက်သူအရေအတွက်က လက်ချိုးရေတွက်လို့ရတယ်။ ပြင်သစ်သမိုင်းပညာရှင် **Gustave Le Bon** က ရေးတယ်။ ဥရောပမှာ ပညာမဲ့မှုလွှမ်းမိုးနေတာက အချိန်အတော်ကြာကြာဖြစ်ခဲ့တယ်။ ပညာရေးဘက်အာရုံစိုက်မှုက (၁၁) ရာစု အထူးသဖြင့် (၁၂) ရာစုမှ စတင်ခဲ့တာ။ အသိဉာဏ်ပွင့်လင်းလာသူအချို့က ဒီအသိပညာမဲ့မှုကို တိုက်ဖျက်ချင်လာတော့ အဲ့ဒီခေတ်မှာ ပညာရေးသရဖူဆောင်းထားတဲ့ အရဗ်မွတ်စ်လင်မ်တွေထံ တပည့်ခံပြီး ပညာသင်ယူခဲ့ကြတယ်။

ဒါကြောင့် ဥရောပပညာရှင်တွေကိုယ်တိုင် ခရစ်နှစ် (၅၀၀) ခုနှစ်ကနေ (၁၁၀၀) ခုနှစ်အထိကာလကို အမှောင်ခေတ်လို့ သတ်မှတ်ထားပါတယ်။ (၁၂) ရာစုမှာ စပိန်မွတ်စ်လင်မ်တွေက စာအုပ်အရေအတွက်သိန်းချီရှိတဲ့ စာကြည့်တိုက်ကြီးတွေကြား လူးလားခေါက်တုန့်သွားနေချိန် ပြင်သစ်၊ ဂျာမဏီနဲ့ အီတလီ တို့မှာ စာအုပ်တစ်အုပ်တွေ့ရဖို့ ခဲယဉ်းနေဆဲ အခြေအနေဖြစ်တယ်။ အာဏာအလုံးစုံက ချာ့ချ်ကျောင်းတော်ရဲ့လက်ဝယ်မှာရှိပြီး ချာ့ချ်ကျောင်းတော်က သိပ္ပံနဲ့လက်တွေ့ကျတဲ့ပညာရေးကို လက်မခံဘူး။ ဒါကြောင့် အရဗ်မွတ်စ်လင်မ်တွေထံ ရှားရှားပါးပါး ပညာသင်ယူခွင့်ရခဲ့သူအချို့တောင် ဥရောပပြန်ရောက်ချိန် ပညာရှင်အဖြစ် အသိအမှတ်ပြုခြင်းမခံရရုံသာမက အသက်အန္တရာယ်ပါ ခြိမ်းခြောက်ခံရလေ့ရှိတယ်။ (1)

(1) အထက်ပါတင်ပြချက်များနဲ့ ဝန်ခံချက်များဖော်ပြထားသော မူရင်းကျမ်း

الإسلام والحضارة العربية للدكتوركردعلي الجزء الأول ص 195 – 197،القاهرة 1950م

အမှောင်ခေတ်မှနိုးထလာခြင်း

ဒီလိုနဲ့ ခရူးဆိတ်စစ်ပွဲတွေဖြစ်ပွားချိန်မှာ အရဗ်မွတ်စ်လင်မ်တွေရဲ့ ပညာရေး တိုးတတ်မှုနဲ့ အဆင့်အတန်းမီလူနေမှုစနစ်ကို ဥရောပသားတွေ တွေ့မြင်လာခဲ့ တယ်။ ဒါကြောင့် ချာချ်ကျောင်းတော်ရဲ့ ဦးဆောင်မှုအောက်မှာဖြစ်ခဲ့တဲ့ စစ်ရှုံးခြင်းနဲ့ အတူ ပညာရေးကိုပိတ်ပင်ထားတဲ့ ချာချ်ကျောင်းတော်ရဲ့ အာဏာစက်ကို မုန်းတီး လာခဲ့တယ်။ ဒီရိုက်ခတ်မှုကြောင့် ချာချ်ကျောင်းတော်ဟာ ပညာရေးတင်းကြပ်မှုကို ဖြေလျှော့ခဲ့ပေမဲ့ အာဏာကိုတော့ ဆုပ်ကိုင်ထားဆဲဖြစ်တယ်။ ဥရောပမှာ ချာချ် ကျောင်းတော်ရဲ့ ကြီးစိုးမှုကို အပြီးပယ်ဖျက်လိုက်တာက ခရစ်ယာန်ဘုန်းတော်ကြီး မာတင်လူသာ (၁၄၈၃ - ၁၅၄၆) ရဲ့ ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုဖြစ်တယ်။ မာတင် လူသာက သာသနာရေးဆိုတာ ပုဂ္ဂလိကကိစ္စဖြစ်တယ်လို့ကြွေးကြော်ပြီး ချာချ် ကျောင်းတော်ရဲ့ အာဏာစက်ကို တော်လှန်ပုန်ကန်တယ်။ ပရိုတက်စတင့်အသင်း တော်ကို တည်ထောင်ပြီး ခရစ်ယာန်တိုင်း သမ္မာကျမ်းစာကို နားလည်သဘော ပေါက်ဖို့ သမ္မာကျမ်းကို ဘာသာစကားအသီးသီးပြန်ဆိုစေပြီး လွတ်လပ်စွာအကျယ် ဖွင့်ဆိုစေတယ်။ ဒီလှုပ်ရှားမှုနဲ့အတူ ကတ်သလစ်အသင်းတော်ရဲ့ အာဏာစက်ပြိုလဲ သွားခဲ့တယ်။

မရ်ယမ်ဂျမီလာက (Islam versus western civilization) မှာ တင်ပြတယ်။ ပရိုတက်စတင့်လှုပ်ရှားမှုက ချာချ်ကျောင်းတော်ရဲ့အာဏာစက်ကို နာလန်မထူနိုင် အောင် တိုက်ဖျက်ခဲ့တယ်။ ဒီလှုပ်ရှားမှုရဲ့ရည်ရွယ်ချက်က ဘာသာရေးအမြတ် ထုတ်ဖို့မဟုတ်ဘူး။ ပညာရေးနဲ့ သုတေသနလုပ်ငန်းတွေကို လွတ်လပ်စွာလုပ်ကိုင် နိုင်ဖို့ဖြစ်တယ်။ ဒါကတော့ ဥရောပခရစ်ယာန်လူ့အဖွဲ့အစည်းရဲ့ အသိအမြင်နိုးကြား လာပုံဖြစ်တယ်။

မာတင်လူသာရဲ့တပည့် Thomes Erastus က ဘာသာရေးကို နိုင်ငံရေးကနေဖယ်ထုတ်တဲ့ ဘာသာရေးမစွက်တဲ့နိုင်ငံရေးဝါဒကို စတင်ဖြန့်ချိခဲ့တယ်။ နိုင်ငံရေးရည်ရွယ်ချက်အတွက် လူမှုရေးနဲ့ကိုယ်ကျင့်တရားစံနှုန်းတွေကို ဖောက်ဖျက်ခိုင်းတဲ့ Machiavelli (၁၄၆၉ - ၁၅၂၇) ပေါ်ပေါက်လာတယ်။ ဘာသာရေးနဲ့ ကိုယ်ကျင့်တရားရဲ့အခန်းကဏ္ဍ ပိုပြီးမှေးမှိန်လာတယ်။ ဒါကြောင့် (၁၅) ရာစုခန့်ကစပြီး ဥရောပမှာ သိပ္ပံနဲ့စက်မှုလုပ်ငန်းတိုးတတ်လာခြင်းနဲ့အတူ ဘာသာရေးရဲ့အခန်းကဏ္ဍ တဖြည်းဖြည်းနောက်ရောက်သွားခဲ့တယ်။ (၁၈) ရာစုလောက် ရောက်တဲ့အခါ ပညာရေးသုတေသနတွေအတွက် ဘာသာရေးယုံကြည်ချက်တွေကို ပစ်ပယ်ရမယ်ဆိုတဲ့အတွေးအမြင်က ပြန့်နှံ့သွားခဲ့ပြီဖြစ်တယ်။

ခေတ်သစ်အနောက်တိုင်းယဉ်ကျေးမှု

အစ္စလာမ့်ကမ္ဘာအပေါ် နယ်မြေအရ၊ အတွေးအခေါ်နဲ့ ယဉ်ကျေးမှုအရ ထိုးစစ်ဆင်ပြီး အနောက်တိုင်းယဉ်ကျေးမှုသွတ်သွင်းတဲ့အကြောင်း တင်ပြမှာဖြစ်တဲ့အတွက် အနောက်တိုင်းယဉ်ကျေးမှုအကြောင်း ဦးစွာမိတ်ဆက်တင်ပြပါမယ်။ ဒီယဉ်ကျေးမှုရဲ့ အခြေခံအချက်က ဦးနှောက်အသိဉာဏ်နဲ့ လက်တွေ့စမ်းသပ်မှုများကိုသာ ယုံကြည်လက်ခံခြင်းဖြစ်တယ်။ ကုန်ထုတ်လုပ်မှုတိုးတတ်ရေးနဲ့ လူမှုဘဝအဆင်ပြေချောမွေ့စေမဲ့ ဇိမ်ခံပစ္စည်းထုတ်လုပ်နိုင်ရေးကို အလေးထားတယ်။ (1)

ဒီယဉ်ကျေးမှုကြောင့် များစွာသောရုပ်ဝတ္ထုပိုင်းဆိုင်ရာတိုးတက်မှုတွေဖြစ်ထွန်းခဲ့တယ်။ လမ်းပန်းဆက်သွယ်ရေးကစပြီး အင်တာနက်ချိတ်ဆက်မှုအဆုံး အံ့သြစရာကောင်းလောက်တဲ့ အကျိုးရလဒ်တွေရရှိခဲ့တယ်။ ဒီရှုထောင့်အရ ဥရောပကို လူသားအားလုံး ကျေးဇူးတင်ထိုက်ပါတယ်။ ဥရောပသားတွေက သူတို့ဟာဘာသာရေးအယူသည်းမှုကင်းရှင်းတယ်လို့ ကြွေးကြော်ကြပေမဲ့ ခေတ်သစ်ဥရောပယဉ်ကျေးမှုမှာ ခရစ်ယာန်သာသနာရဲ့ဝိဉာဉ်က ဆက်လက်စီးဝင်နေဆဲဖြစ်တယ်။ တစ်ကမ္ဘာလုံးကို ခရစ်ယာန်သာသနာပြန့်ပွားစေဖို့ရည်ရွယ်ပြီး ဖွဲ့စည်းထားတဲ့သာသနာပြုအဖွဲ့အစည်းတွေအတွက် ငွေကြေးပုံအောသုံးစွဲမှုကို ထောက်ရှုခြင်း

အားဖြင့် ဒီအချက်ကို သိနိုင်ပါတယ်။ ဝေးလံခေါင်ဖျားတဲ့အာဖရိဒေသတွေအထိ ခရစ်ယာန်သာသနာပြုတွေခြေဆန့်နိုင်အောင် ဥရောပအစိုးရတွေက အပြည့်အဝ ထောက်ပံ့ပေးထားပါတယ်။

လူ့အခွင့်အရေးနဲ့ ပညာရေးလွတ်လပ်ခွင့်ကို တိုက်ခိုက်ရယူထားတဲ့ဥရောပ ဟာ လူအချင်းချင်းကျွန်သဖွယ်သတ်မှတ်တဲ့ ကိုလိုနီစနစ်ကို ကျင့်သုံးတယ်။ အသိမ်း ပိုက်ခံဒေသမှာရှိတဲ့ ဒေသခံလူမျိုးစုတွေရဲ့ ဘာသာစကားနဲ့ယဉ်ကျေးမှုကို ထဲထဲ ဝင်ဝင်လေ့လာတယ်။ ပညာရပ်ဆိုင်ရာခေါင်းစဉ်အောက်ကနေ စိတ်ကြိုက်ပြုပြင် ပြောင်းလဲတယ်။

ဒီကဏ္ဍမှာ မွတ်စ်လင်မ်နိုင်ငံတွေနဲ့ အစ္စလာမ့်ယဉ်ကျေးမှုက သိသိသာသာပိုပြီး ခံခဲ့ရတယ်။ ခရူးဆိတ်စစ်ပွဲတွေမှာ ရှုံးနိမ့်ခဲ့တာကိုအငြိုးထားပြီး လက်စားချေတဲ့ သဘောဖြစ်တယ်။ နောက်တစ်ချက်က အစ္စလာမ့်ယဉ်ကျေးမှုဆိုတာ ဥရောပ ယဉ်ကျေးမှုကို ရင်ဘောင်တန်းနိုင်တဲ့ အင်အားကြီးယဉ်ကျေးမှုတစ်ခုဖြစ်နေတဲ့ အတွက်ပါပဲ။

---

(1) الفكراللإسلامي الحديث في
مواجهة اللأفكارالغربية للأستاذ
محمد مبارك

ခေတ်သစ်အနောက်တိုင်းယဉ်ကျေးမှု၏ ပွဲကိုင်ရှင်များ

Machiavelli (၁၄၆၉ - ၁၅၂၇)

ဥရောပအစိုးရတွေအပေါ် ဩဇာသက်ရောက်မှုကြီးခဲ့တဲ့ **The Prince** စာအုပ်ရေးသူ။ သူ့အမြင်က အုပ်ချုပ်ရေးနဲ့ နိုင်ငံရေးမှာ ဘာသာရေးအဆုံးအမနဲ့ ကိုယ်ကျင့်တရားဆိုင်ရာလမ်းညွှန်ချက်တွေကို လိုက်နာကျင့်သုံးဖို့မလိုဘူး။ အဆင်ပြေတဲ့နည်းလမ်းကို အသုံးချနိုင်တယ်။ ယုတ်မာကောက်ကျစ်ခြင်းတွေ လုပ်ကြံသတ်ဖြတ်ခြင်းတွေ အကောက်ကြံလှည့်ဖြားခြင်းတွေကို လိုအပ်သလိုအသုံးချဖို့ညွှန်ကြားတယ်။ ဒီစာအုပ်ပါ လမ်းညွှန်ချက်တွေကြောင့် ဥရောပနိုင်ငံရေးမှာ ကိုယ်ကျင့်တရားစံနှုန်းတွေ ပိုမိုပျောက်ကွယ်လာခဲ့တယ်။

Francis Bacon (၁၅၆၁ - ၁၆၂၆)

ဗြိတိသျှအတွေးအခေါ်ပညာရှင်။ လက်တွေ့စမ်းသပ်သုတေသနပြုရေးလမ်းစဉ်ကို စတင်ချပြခဲ့သူ။ သူက ပညာရပ်တစ်ခုဆိုတာ လက်တွေ့ကျရမယ်၊ သက်သေပြနိုင်ရမယ်၊ အကျိုးရှိရမယ်စတဲ့ စည်းကမ်းချက်တွေ ချမှတ်ပေးခဲ့တယ်။ သူ့ကို ဗြိတိသျှအတွေးအခေါ်ပညာရှင်များရဲ့ လမ်းပြခေါင်းဆောင်အဖြစ် သတ်မှတ်ကြတယ်။

Rane Descartes (၁၅၉၆ - ၁၆၅၀)

ပြင်သစ်လူမျိုး အတွေးအခေါ်နဲ့ သင်္ချာပညာရှင်။ ဒဿနအတွေးအခေါ်ကို သင်္ချာသဘောတရားတွေနဲ့ ချိန်ထိုးဖို့ ကြိုးစားခဲ့သူဖြစ်တယ်။ ပညာရပ်တိုင်းကို သံသယအမြင်နဲ့ကြည့်ပြီး ဝေဖန်ဆန်းစစ်ခိုင်းတယ်။ ငါတွေးတယ်၊ ဒါကြောင့် ငါရှိတယ်ဆိုတဲ့စကားနဲ့ နာမည်ကျော်သူဖြစ်တယ်။ ခေတ်သစ်အတွေးအခေါ်ပညာရဲ့ဖခင်အဖြစ် တင်စားခံရသူဖြစ်တယ်။

Isaac Newton (၁၆၄၃ - ၁၇၄၃)

ရူပဗေဒနဲ့သင်္ချာပညာရှင်။ (၁၈) ရာစုရဲ့ ရူပဗေဒနဲ့ သင်္ချာလောကမှာ အကြီးကျယ်ဆုံးပညာရှင်အဖြစ် သတ်မှတ်ခံထားရသူဖြစ်တယ်။ ကမ္ဘာမြေဆွဲအားနဲ့ အခြားအရေးပါတဲ့ ရူပဗေဒနိယာမတွေကို ဖော်ထုတ်ခဲ့တယ်။

Voltair (၁၆၉၄ - ၁၇၇၈)

ပြင်သစ်အတွေးအခေါ်ပညာရှင်။ နိုင်ငံရေးနဲ့ဘာသာရေးမှာ ပြုပြင်ပြောင်းလဲဖို့ တောင်းဆိုခြင်းနဲ့ လွတ်လပ်စွာတွေးခေါ်ခွင့်ရဖို့ ဆော်ဩခြင်းတွေကြောင့် မကြာခဏထောင်သွင်းအကျဉ်းချခံရတယ်။ နောက်ဆုံးမှာ နယ်နှင်ဒဏ်ပေးခံခဲ့ရတယ်။ စာရေးသားရာမှာ မှော်ဆန်ပြီး ရှားပါးတဲ့ရေးဟန်ရှိသူအဖြစ် နာမည်ကျော်တယ်။

J.Lock (၁၆၃၂ - ၁၇၀၄)

ဗြိတိသျှအတွေးအခေါ်ပညာရှင်။ လွတ်လပ်ခွင့်အတွက် တိုက်ခိုက်ခဲ့သူအဖြစ် နာမည်ကြီးတယ်။ လူတိုင်းဟာ မိမိတို့ရဲ့အမြင်ကို လွတ်လပ်စွာထုတ်ဖော်ခွင့်ရှိတယ်လို့ ယုံကြည်တယ်။ အစိုးရအနေနဲ့ ဘာသာတရားတစ်ခုကို ဦးစားပေးကာ ကွယ်ခြင်းက မတရားဘူးလို့ဟောပြောခဲ့တယ်။ အမြင်တစ်ခု၊ ယုံကြည်ချက်တစ်ခုကို အတင်းအကြပ်လိုက်နာစေခြင်းဟာ မတရားမှုဖြစ်ကြောင်း တင်ပြခဲ့တယ်။

Jean Jacques Rousseau (၁၇၁၃ - ၁၇၇၃)

ပြင်သစ်အတွေးအခေါ်ပညာရှင်။ အတွေးအခေါ်၊ နိုင်ငံရေး၊ စာပေနဲ့ ကလေးသူငယ်ပြုစုပျိုးထောင်ရေးစတဲ့ ပညာရပ်ဆိုင်ရာနယ်ပယ်အသီးသီးမှာ လွှမ်းမိုးမှုကြီးခဲ့သူဖြစ်တယ်။ အသိဉာဏ်အတွေးအခေါ်နဲ့အတူ ခံစားချက်ရဲ့အခန်းကဏ္ဍကိုပါ ဦးစားပေးတင်ပြခဲ့သူဖြစ်တယ်။

Hume (၁၇၁၁ - ၁၇၇၃)

ဘာသာရေးနဲ့နိုင်ငံရေးမှာ လွတ်လပ်ခွင့်အပြည့်အဝရဖို့ ဟောပြောခဲ့သူ။ စည်းလုံးမှု၊ လွတ်လပ်ခွင့်နဲ့ ကြိုးစားမှုရဲ့အသီးအပွင့်ကို လူတိုင်းအပြည့်အဝခံစားနိုင်ဖို့ အစိုးရအပေါ်တာဝန်ရှိကြောင်း တင်ပြတယ်။ အစိုးရကတာဝန်မကျေရင် နိုင်ငံသားတွေက တော်လှန်ရမယ်လို့ ဟောပြောခဲ့တယ်။ အမေရိကန်တော်လှန်ရေးက သူ့အတွေးအမြင်အပေါ် အခြေခံထားပါတယ်။ သူဟာ ဘာသာတရားနဲ့နောင်တမလွန်ဘဝရှိကြောင်းကို လက်မခံသူဖြစ်တယ်။

Darwin (၁၈၁၉ - ၁၈၈၂)

ဗြိတိသျှသိပ္ပံပညာရှင်။ ဆင့်ကဲပြောင်းလဲဖြစ်စဉ်အတွေးအမြင်ကို စတင်တင်ပြခဲ့သူ။ ဖန်ဆင်းရှင်တည်ရှိခြင်းကို ငြင်းဆန်ပြီး သက်ရှိအားလုံးဟာ သူ့အလိုလိုကြုံကြိုက်ပြီး ဆင့်ကဲပြောင်းလဲဖြစ်ပေါ်လာတယ်လို့ တင်ပြခဲ့တယ်။ သူ့ရဲ့တင်ပြချက်တွေက ဖန်ဆင်းရှင်ဝါဒကိုယုံကြည်လက်ခံထားတဲ့ ဘာသာရေးအသိုင်းအဝိုင်းအပေါ် များစွာရိုက်ခတ်မှုဖြစ်စေခဲ့တယ်။

Emanuel Kant (၁၇၂၄ - ၁၈၀၄)

ဂျာမဏီအတွေးအခေါ်ပညာရှင်။ အရာရာတိုင်းရဲ့ ဓမ္မစစ်သဘောတရားကို ပညာရပ်ဆိုင်ရာသုတေသနတွေ၊ ခံစားချက်တွေနဲ့ မသိရှိနိုင်ကြောင်း တင်ပြခဲ့သူဖြစ်တယ်။ ဦးနှောက်ရဲ့နယ်ပယ်ကို ကန့်သတ်ပြပြီး သူ့ရဲ့စာအုပ်တွေကြောင့် အယူအဆဟောင်းတွေကို ဆွဲကိုင်ထားသူများအကြား အုတ်အော်သောင်းနင်းဖြစ်ခဲ့ဖူးတယ်။

Shopen Haver (၁၇၈၈ - ၁၈၆၀)

ဂျာမဏီမှာ စစ်မီးတောက်လောင်နေချိန် ကြီးပြင်းလာခဲ့တယ်။ အဆိုးမြင်ဝါဒီ ပညာရှင်တစ်ဦးဖြစ်တယ်။ ဖန်ဆင်းရှင်မရှိကြောင်း၊ ရှိလည်းထိန်းသိမ်းစောင့် ရှောက်နိုင်စွမ်းမရှိတော့ကြောင်း ယုံကြည်တယ်။ အမျိုးသမီးတွေဆိုတာ အမျိုးသား တွေရဲ့ဆန္ဒကို ဖြည့်ဆည်းဖို့အတွက်သာဖြစ်ကြောင်း တင်ပြခဲ့သူဖြစ်တယ်။

Sigmund Freud (၁၈၅၆ - ၁၉၃၉)

ဩစတြီးယားဆရာဝန်။ စိတ်ကုထုံးနည်းစနစ်ကို စတင်အုတ်မြစ်ချခဲ့သူ။ စိတ်ရောဂါတွေရဲ့ အကြောင်းအရင်းက ငယ်ဘဝရဲ့ စိတ်ပိုင်းဆိုင်ရာရိုက်ခတ်မှုတွေ ကြောင့်ဆိုတာကို လက်မခံဘူး။ ဒီရောဂါတွေရဲ့အကြောင်းအရင်းက စိတ်ပိုင်းဆိုင် ရာနာကျင်မှုတွေနဲ့ စိတ်ပိုင်းဆိုင်ရာလွန်ဆွဲမှုတွေကြောင့်လို့ တင်ပြခဲ့တယ်။ ဒီအမြင် ဟာ စာပေ၊ ယဉ်ကျေးမှုနဲ့ စိတ်ပိုင်းဆိုင်ရာသုတေသနနယ်ပယ်တွေမှာ လွှမ်းမိုးမှု ကြီးမားခဲ့တယ်။ အဆိုးမြင်ဝါဒီပညာရှင်တစ်ဦးဖြစ်တယ်။

Gen Pal Sartre(၁၉၀၅ - ၁၉၈၀)

ပြင်သစ်လူမျိုး အတွေးအခေါ်နဲ့စာပေပညာရှင်။ နာမည်ကျော် ဖြစ်တည်မှု ပဓာနဝါဒကို စတင်တင်ပြခဲ့သူဖြစ်တယ်။ ဖန်ဆင်းရှင်ရှိခြင်းကို ငြင်းဆန်ပြီး ကိုယ်ကျင့်တရားတွေကိုလည်း လက်မခံဘူး။ လူတိုင်းစိတ်ကြိုက်လွတ်လပ်ခွင့်ရှိ တယ်လို့ယူဆပြီး သူ့ရဲ့ဝါဒက ဘာသာတရားနဲ့ကိုယ်ကျင့်တရားတွေကို အတိုက် ခိုက်ဆုံးဝါဒဖြစ်တယ်။

Karl Marx (၁၈၁၈ - ၁၈၈၃)

ဂျာမန် အတွေးအခေါ်ပညာရှင်။ နိုင်ငံရေးနဲ့ စီးပွားရေးကျွမ်းကျင်သူ။ ဘာသာရေးဆိုတာ မူးယစ်စေတဲ့ဘိန်းသဖွယ်ဖြစ်တယ်လို့ သတ်မှတ်ထားတဲ့ ကွန်မြူနစ်ဝါဒရဲ့ ခေါင်းကိုင်ဖခင်ဖြစ်တယ်။ (၁၉၁၇) ခုနှစ် ရုရှားတော်လှန်ရေးအပြီးမှာ သူ့ရဲ့ ကွန်မြူနစ်ဝါဒ အင်အားကောင်းလာခဲ့တယ်။

ဒါကတော့ အနောက်တိုင်းယဉ်ကျေးမှုနဲ့အတွေးအခေါ်ရဲ့ ပွဲကိုင်ရှင်များအကြောင်း ခြုံငုံတင်ပြထားတာပါ။ ဒီပုဂ္ဂိုလ်တွေရဲ့ အတွေးအမြင်အယူအဆတွေအပေါ်အခြေခံပြီး အနောက်တိုင်းယဉ်ကျေးမှုကို တည်ဆောက်ထားပါတယ်။

အခန်း ၃။ အတွေးအခေါ်စစ်ဆင်ရေးနည်းလမ်းများ

ဥရောပဟာ ခရူးဆိတ်စစ်ပွဲတွေပြီးဆုံးချိန် (၁၄) ရာစု ဝန်းကျင်ကတည်းက အတွေးအခေါ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုတွေပြုလုပ်ဖို့ အတွေးအကြံရှိခဲ့ပေမဲ့ လက်တွေ့အကောင်အထည်ဖော်ခဲ့တာက (၁၈) ရာစုဝန်းကျင်ခန့်မှာပါ။ ဒီလိုအကောင်အထည်ဖော်ချိန် သုံးခဲ့တဲ့နည်းလမ်းတွေကို အနည်းငယ်ရှင်းလင်းတင်ပြပါမယ်။

(၁) သင်ကြားရေးနဲ့ ပြုစုပျိုးထောင်ရေး

ပညာရေးစနစ်ဆိုတာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးရဲ့ အနာဂတ်ကို ပုံဖော်ရာမှာ အလွန်အရေးပါတယ်။ ပညာရေးစနစ်ကပုံဖော်လိုက်တဲ့အတိုင်း မျိုးဆက်တစ်ခုရဲ့ အတွေးအမြင်နဲ့ လုပ်ဆောင်ချက်တွေမှာ အကျိုးသက်ရောက်မှု ဖြစ်ပွားတယ်။ ဒီအချက်ကို ကိုလိုနီပြုခံရတဲ့ အစ္စလာမ့်နိုင်ငံတွေမှာ စာသင်ကျောင်းတွေဖွင့်ပြီး ဥရောပနိုင်ငံများက ကောင်းစွာအသုံးချခဲ့တယ်။ ပညာရေးသင်ရိုးမှာ အစ္စလာမ်သာသနာနဲ့ အစ္စလာမ့်သမိုင်းကို အဖြစ်သဘောမျိုးပဲ ထည့်သွင်းသင်ကြားပေးတယ်။ လူသားမျိုးနွယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုသမိုင်းမှာ အစ္စလာမ်ရဲ့အခန်းကဏ္ဍကို လုံးဝဖျောက်ဖျက်ထားတယ်။ အစ္စလာမ့်သမိုင်းနဲ့ပတ်သတ်ရင် ပြဿနာတွေနဲ့စစ်ပွဲတွေအကြောင်းကိုသာ သင်ကြားပေးတယ်။ ဥရောပရဲ့ယဉ်ကျေးမှု၊ အတွေးအမြင်၊ သမိုင်းနဲ့ အောင်မြင်မှုတွေကို ထည့်သွင်းသင်ကြားပေးတယ်။

(၁၈) ရာစုဝန်းကျင်မှာ မွတ်စ်လင်မ်နိုင်ငံအများအပြား ဥရောပနိုင်ငံတွေရဲ့ သိမ်းပိုက်ခြင်းကို ခံခဲ့ရတယ်။ ဒီလိုမသိမ်းပိုက်ခင်အချိန်ကတည်းက ပညာရေးအထောက်အပံ့ပြုခြင်းခေါင်းစဉ်အောက်ကနေ မွတ်စ်လင်မ်နိုင်ငံတွေမှာ သာသနာပြုကျောင်းတွေ တည်ထောင်ခွင့်ရအောင် ကြိုးစားခြင်းမျိုးတွေရှိခဲ့တယ်။ (၁၈၂၁) ခုနှစ်မှာ ရှားမ် (ဆီးရီးယား) ဒေသအုပ်ချုပ်ရေးမှူး အိဗ်ရာဟီးမ်ဘာရှာက

နိုင်ငံအတွင်း နိုင်ငံခြားအဖွဲ့အစည်းများကို တရားဝင်လုပ်ကိုင်ဆောင်ရွက်ခွင့်ပေးတယ်။ နိုင်ငံအနှံ့ သာသနာပြုစာသင်ကျောင်းတွေ ပေါ်ပေါက်လာပြီး စိန့်ဂျိုးဇက်တက္ကသိုလ်လို တက္ကသိုလ်အဆင့်အထိ တည်ထောင်နိုင်ခဲ့တယ်။ (၁၈၆၀) ခုနှစ်မှာထောင်ချီတဲ့ ကျောင်းသားတွေပညာသင်ကြားနေတဲ့ ကျောင်းပေါင်း (၃၃) ကျောင်းခန့်ရှိနေပြီ ဖြစ်တယ်။ ဒီကျောင်းတွေရဲ့သင်ရိုးညွှန်းတမ်းကနေ အနောက်တိုင်းယဉ်ကျေးမှုကို သွတ်သွင်းတယ်။ အစ္စလာမ့်ယုံကြည်ချက်နဲ့ အစ္စလာမ့်အတွေးအခေါ်ကို မသိမသာဝေဖန်ထိုးနှက်တယ်။ ကျောင်းသင်ရိုးကနေတဆင့် မွတ်စ်လင်မ်ကလေးငယ်တွေနဲ့ လူငယ်တွေရဲ့အတွေးအခေါ်ကို ဖျက်ဆီးခြင်းဖြစ်တယ်။

အစ္စလာမ့်နိုင်ငံတွေကို သိမ်းပိုက်ပြီးချိန်မှာ သင်ကြားရေးကနေတဆင့် အတွေးအခေါ်ဖျက်ဆီးခြင်းကို ပိုမိုကျယ်ပြန့်စွာလုပ်ဆောင်လာနိုင်တယ်။ အလ်ဂျီးရီးယား၊ မာလီ၊ ဆီနီဂေါ်နဲ့ အခြားအာဖရိကအစ္စလာမ့်နိုင်ငံတွေ ပြင်သစ်လက်အောက်ကျရောက်တယ်။ ဆီးရီးယား၊ လက်ဘနွန်၊ အီဂျစ်၊ အိန္ဒိယနဲ့ အခြားအစ္စလာမ့်နိုင်ငံတွေကိုလည်း ဥရောပနိုင်ငံတွေက သိမ်းပိုက်ခဲ့ကြတယ်။

မွတ်စ်လင်မ်လူငယ်တွေကို ဥရောပတက္ကသိုလ်တွေဆီ ပညာတော်သင်အဖြစ်စေလွှတ်ပြီး ဥရောပယဉ်ကျေးမှုနဲ့ အကျွမ်းတဝင်ဖြစ်စေတယ်။ ဒီနည်းလမ်းကအရေအတွက်အကန့်အသတ်နဲ့ပဲ လုပ်နိုင်တာဖြစ်လို့ နိုင်ငံအတွင်း သာသနာပြုကျောင်းများ ပိုမိုဖွင့်လှစ်နိုင်ရေးကို အဓိကဦးစားပေးခဲ့တယ်။ ဒီအကြံကို Danial Bils နဲ့ William Tomson တို့က စတင်တင်ပြခဲ့တာဖြစ်တယ်။ မွတ်စ်လင်မ်တွေထဲကနေပဲ ခရစ်ယာန်သာသနာပြုတွေ မွေးထုတ်နိုင်ဖို့နဲ့ မွတ်စ်လင်မ်လူငယ်တွေအတွင်း ဥရောပအငွေ့အသက်တွေ ဝင်ရောက်လွှမ်းမိုးသွားဖို့ဖြစ်တယ်။ တူရကီ၊ ဆီးရီးယား၊ အီဂျစ်၊ လက်ဘနွန်၊ အီရတ်နဲ့ အစ္စလာမ့်နိုင်ငံအသီးသီးမှာ သာသနာပြုကျောင်းတွေတည်ထောင်တယ်။ ဥရောပအစိုးရတွေကလည်း လုပ်ပိုင်ခွင့်၊ ငွေကြေး၊ လူအင်အားတွေ အပြည့်အဝထောက်ပံ့ပေးတယ်။

(၁၉၁၂) ခုနှစ် ဆီးရီးယားနိုင်ငံမှာ ခရစ်ယာန်သာသနာပြုအဖွဲ့အစည်း (၃၈) ဖွဲ့ရှိတယ်။ အဖွဲ့အစည်းတိုင်းက ကိုယ်ပိုင်စာသင်ကျောင်းအများအပြား တည်ထောင်ဖွင့်လှစ်ထားတယ်။ ဒီကျောင်းတွေဟာ မွတ်စ်လင်မ်လူငယ်တွေရဲ့ အတွေးအခေါ်ကို ဖျက်ဆီးကြတယ်။ အမေရိကန်သာသနာပြု **Samuel zwemire** က (၁၉၁၄) ခုနှစ် သာသနာပြုများညီလာခံမှာ တင်သွင်းခဲ့တဲ့ စာတမ်းပါအချက်များကို ကြည့်ပါ။ **"ကြိုးပမ်းမှုတိုင်းရဲ့ဦးတည်ရာက မွတ်စ်လင်မ်ကလေးငယ်တွေဖြစ်ရမယ်။ အားလုံးကို လွှမ်းခြုံမိအောင် ကြိုးပမ်းရမယ်။ မွတ်စ်လင်မ်တွေမှာ ငယ်ရွယ်စဉ်ကတည်းက အစ္စလာမ့်သဘောသဘာဝဗီဇတွေ ပေါ်လွင်လေ့ရှိတယ်။ ဒါကြောင့် ပေါ်လွင်ပြီးတာနဲ့ မပြည့်စုံခင်အလျင် သူတို့ကို အစ္စလာမ်ကနေဦးလှည့်ဖို့ လိုအပ်တယ်။"**

(၁၉၃၅) ခုနှစ်မှာတင်သွင်းတဲ့ သူ့ရဲ့စာတမ်းတစ်ခုမှာလည်း ဒီလိုတင်ပြထားတယ်။ **"လူကြီးမင်းတို့ရဲ့တာဝန်က မွတ်စ်လင်မ်တွေကို ခရစ်ယာန်သာသနာထဲ သွတ်သွင်းဖို့မဟုတ်ဘူး။ ဒါကသူတို့ကို ဂုဏ်ပေးသလိုဖြစ်စေတယ်။ တာဝန်အမှန်က အလ္လာဟ်နဲ့ ဘာအဆက်အသွယ်မှမရှိတဲ့မွတ်စ်လင်မ်တွေ၊ အစ္စလာမ်နဲ့ကင်းကွာနေတဲ့ မွတ်စ်လင်မ်တွေဖြစ်စေဖို့ပဲ။ ပြီးတော့ အမြဲတမ်းလိုက်နာနေတဲ့ ကိုယ်ကျင့်တရားတွေကနေ သွေဖည်သွားစေဖို့ပဲ။"**

ခရစ်ယာန်သာသနာပြု **Mr. Takle** ကတင်ပြတယ်။ **"ကျွန်ုပ်တို့အနေနဲ့ သာသနာပြုကျောင်းတွေဖွင့်ဖို့ လှုံ့ဆော်တိုက်တွန်းနေရမယ်။ အနောက်တိုင်းပညာရေးကို အသက်သွင်းရမယ်။ မွတ်စ်လင်မ်အများစုဟာ အင်္ဂလိပ်ဘာသာစကားသင်ယူပြီးသွားရင် အစ္စလာမ့်ယုံကြည်ချက်တွေ ယိုင်နဲ့သွားကြတယ်။ အနောက်တိုင်းသင်ရိုးစာအုပ်တွေက အရှေ့တိုင်းကျမ်းစာတစ်ခု(ကုရ်အာန်)ကို ယုံကြည်ဖို့ ခက်ခဲသွားစေတာပေါ့။"** (1)

ခရစ်ယာန်သာသနာပြုဘုန်းတော်ကြီး **Massignon** ကတင်ပြတယ်။ **“ပြင်သစ်နိုင်ငံရောက် မွတ်စ်လင်မ်ပညာသင်လူငယ်တွေထဲမှာ ခရစ်ယာန်ယဉ်ကျေးမှုဝင်ရောက်သွားဖို့ အရေးကြီးတယ်။”**

အရှေ့တိုင်းရေးရာကျွမ်းကျင်ပညာရှင် **H.A.R Gibb** ကတင်ပြတယ်။ **“ကျွန်ုပ်တို့ရဲ့ ပညာရေးနဲ့ ယဉ်ကျေးမှုရေးရာလှုပ်ရှားသူတွေအနေနဲ့ စာသင်ကျောင်းနဲ့ သတင်းစာတွေကတဆင့် မွတ်စ်လင်မ်တွေကို ဘာသာမဲ့ပုံစံဖြစ်စေခဲ့တယ်။”**

ဗြိတိသျှအင်ပါယာရဲ့ အီဂျစ်နိုင်ငံဘုရင်ခံ **Cromer** ကပြောတယ်။ **“ကျွန်ုပ်ဒီကိုရောက်လာရတာက ကုရ်အာန်၊ ကအ်ဗာနဲ့ အဇ်ဟာရ်တက္ကသိုလ်ကို ဖျက်ဆီးဖို့ဖြစ်တယ်။”**

ဒီသာသနာပြုကျောင်းတွေကပဲ မွတ်စ်လင်မ်ကလေးတွေနဲ့ လူငယ်တွေကို အစ္စလာမ့်ရင်းမြစ်ဖြစ်တဲ့ ကုရ်အာန်၊ ဟဒီးဆ်နဲ့ အဆက်ပြတ်စေခဲ့တယ်။ အစ္စလာမ့်သမိုင်းကို အကျည်းတန်တဲ့ပုံစံ တင်ပြတယ်။ တမန်တော်မြတ် ﷺ ၊ ဆွဟာဗာများနဲ့ အစ္စလာမ့်သမိုင်းရဲ့ အထင်ကရပုဂ္ဂိုလ်ကြီးတွေကို ဝေဖန်ထိုးနှက်တယ်။ ဒီအချက်အလက်တွေကို သင်ကြားရေးခေါင်းစဉ်အောက်ကနေ စာသင်ကျောင်းများမှာ သင်ရိုးညွှန်းတမ်းအဖြစ်ထည့်သွင်းခဲ့တယ်။

ဒီလိုသင်ကြားရေးကနေရလာတဲ့ရလဒ်တွေနဲ့ပတ်သတ်ပြီး ဥရောပပညာရှင်တစ်ဦးဖြစ်တဲ့ **Gibb** ကတင်ပြတယ်။ **“စာသင်ကျောင်းနဲ့ သတင်းစာတွေကနေတဆင့် ပြုလုပ်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ပညာရေးနဲ့ ယဉ်ကျေးမှုရေးရာလှုပ်ရှားမှုက မွတ်စ်လင်မ်တွေကို သူတို့ကိုယ်တိုင်သတိမထားမိဘဲ ဘာသာမဲ့ပုံစံ ဖြစ်စေခဲ့တယ်။"** (2)

---

(1) التبشيرواللاستعمارفي البلادالعربية للدكتورمصطفى خالدي والدكتورعمر فروخ ص 88 ، بيروت ، م1964

(2) القراءة المعاصرة للقرآن في الميزان ، أحمد عمران ، ص 17 ، دارالنفائس ، بيروت 1995 م

ဒီလိုသင်ကြားရေးနဲ့ ပြုစုပျိုးထောင်ရေးကဏ္ဍကနေ အတွေးအခေါ်ဖျက်ဆီးခြင်းနဲ့ ခရစ်ယာန်သာသနာပြုလုပ်ငန်းဟာ ကိုလိုနီအုပ်ချုပ်ရေးအသက်ဝင်နေစဉ်အလွန်ထိရောက်စွာနဲ့ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ခဲ့တယ်။

အချုပ်ပြောရရင် ကိုလိုနီပြုခံရတဲ့မွတ်စ်လင်မ်နိုင်ငံတွေမှာ ဥရောပသားတွေက အစ္စလာမ့်စာသင်ကျောင်းတွေနေရာမှာ မိမိတို့ရဲ့စာသင်ကျောင်းတွေကို အစားထိုးတယ်။ သင်ရိုးညွှန်းတမ်းတွေကနေတဆင့် မွတ်စ်လင်မ်ကျောင်းသားတွေကို အစ္စလာမ့်အတွေးအခေါ်မဝင်အောင် တားဆီးတယ်။ ငယ်ရွယ်စဉ်ကတည်းက မွတ်စ်လင်မ်တွေကို အစ္စလာမ်နဲ့ဝေးကွာအောင် ဖန်တီးထားခြင်းဖြစ်တယ်။

(၂) အရှေ့တိုင်းပညာရပ်များလေ့လာရေးလှုပ်ရှားမှု (Orientalism)

အရှေ့တိုင်းနိုင်ငံတွေ (အထူးသဖြင့် မွတ်စ်လင်မ်နိုင်ငံတွေ) ရဲ့ သာသနာရေး၊ ယဉ်ကျေးမှု၊ ဘာသာစကားနဲ့ ဓလေ့ထုံးတမ်းတွေကို လေ့လာတဲ့လှုပ်ရှားမှုကို အရှေ့တိုင်းပညာရပ်များလေ့လာရေးလှုပ်ရှားမှုလို့ ခေါ်ပါတယ်။ ဒီလိုလေ့လာတဲ့ ပညာရှင်တွေကို အရှေ့တိုင်းဝါဒီပညာရှင်များလို့ ခေါ်ကြတယ်။ ရာစုနှစ်ပေါင်းများစွာ ရည်ရွယ်ချက်အသီးသီးနဲ့ စဉ်ဆက်မပြတ်ဖြစ်ခဲ့တဲ့ လှုပ်ရှားမှုကြီးဖြစ်တယ်။

အရှေ့တိုင်းပညာရပ်တွေကို အထူးသဖြင့် အစ္စလာမ့်ရေးရာပညာရပ်တွေကို အနောက်တိုင်းသားတွေလေ့လာမှုပြုခဲ့တာကတော့ ကြာပါပြီ။ ပထမဆုံးလေ့လာသူအဖြစ် သတ်မှတ်ခံထားရသူက **Gerbert D Aurillac (၉၃၇ - ၁၀၀၃)** ပါ။ ဒီလေ့လာရေးကို သီးသန့်ရည်ရွယ်ချက်တွေနဲ့ လှုပ်ရှားမှုတစ်ခုအသွင် မြင်ရတာက ခရူးဆိတ်စစ်ပွဲကာလအလွန်မှာ ဖြစ်တယ်။ သို့သော် ကျယ်ကျယ်ပြန့်ပြန့်မဖြစ်ခဲ့ဘူး။ ဒါကြောင့် ဒီပညာရပ်ဆိုင်ရာလှုပ်ရှားမှုရဲ့အစက (၁၃) ရာစုလို့ သတ်မှတ်နိုင်ပါတယ်။

(၁၃) ရာစုရောက်ချိန် မွတ်စ်လင်မ်နိုင်ငံတွေကို စစ်ရေးအရအနိုင်ယူဖို့ဆိုတာ အနောက်တိုင်းသားတွေအတွက် အိပ်မက်အဆင့်ပဲ။ တူနီးရှားစစ်ဆင်ရေးပျက်ပြားပြီး အပြန်ခရီးမှာသေဆုံးခဲ့တဲ့ ပြင်သစ်ဘုရင် လူဝီ (၉) က ပညာရေးလှုပ်ရှားမှုပြုဖို့ မှာတမ်းခဲ့တယ်။ (၁၂၉၄) ခုနှစ်မှာ ပုပ်ရဟန်းမင်းကြီးနဲ့ လာရောက်တွေ့ဆုံခဲ့သူတွေက အစီအစဉ်နှစ်ခုကို တင်ပြတယ်။ ပညာရေးနဲ့ စာသင်ကျောင်းတွေကို သာသနာပြုလုပ်ငန်းမှာ အသုံးချဖို့၊ ဒီနည်းလမ်းနဲ့ အဆင်မပြေရင် အင်အားသုံး သာသနာပြုဖို့ဆိုတဲ့ အချက်နှစ်ချက်ဖြစ်တယ်။ ဒီတင်ပြချက်ကို အဆိုပါပညာရေးလှုပ်ရှားမှုရဲ့ ပထမဦးဆုံးခြေလှမ်းအဖြစ် သတ်မှတ်နိုင်တယ်။

ဒီပညာရေးလှုပ်ရှားမှုနဲ့ပတ်သတ်ပြီး ဒေါက်တာမုဟမ္မဒ်ဟမ်ဒီက တင်ပြတယ်။ သာသနာပြုလုပ်ငန်းအောင်မြင်ဖို့အတွက် မွတ်စ်လင်မ်တွေရဲ့ဘာသာစကားများကို သင်ယူတတ်မြောက်ထားဖို့အရေးကြီးတယ်ဆိုတဲ့အမြင်ကနေ ဒီလှုပ်ရှားမှုစတင်ပါတယ်။ **Roger Bacon** နဲ့ **Ramon Liull** တို့လို အတွေးအခေါ်ပညာရှင်တွေက ဒီအမြင်ကိုဆက်လက်ကိုင်ဆွဲထားတယ်။ (၁၃၁၂) ခုနှစ် ဗီယင်နာချာ့ချ်ကျောင်းတော်များညီလာခံက ဒီအမြင်ကိုထောက်ခံအတည်ပြုပြီး ဥရောပတက္ကသိုလ်ကြီးတွေမှာ အရှေ့တိုင်းဘာသာစကားနဲ့ ပညာရပ်တွေကို ထည့်သွင်းသင်ကြားဖို့ဆုံးဖြတ်ခဲ့တယ်။ ဒီလိုနဲ့ ဥရောပတက္ကသိုလ်ကြီး (၅) ခုမှာ အရဗီဘာသာစကားနဲ့ အစ္စလာမ့်ရေးရာပညာရပ်တွေကို စတင်သင်ကြားပို့ချပေးခဲ့တယ်။

(၁၄) ရာစုအစမှာ ဗာတီကန်ပုပ်ရဟန်းမင်းကြီး ဘာဘာ (၅) က ဥရောပရဲ့ အထင်ကရတက္ကသိုလ်ကြီးတွေမှာ အရဗီ၊ အိဗ်ရာနီနဲ့ အာရမိုက် ဘာသာစကားတွေကို သင်ကြားပေးဖို့ အမိန့်ထုတ်ခဲ့တယ်။ (၁၆) ရာစုမှာ အရှေ့တိုင်းဘာသာစကားများကို လေ့လာခြင်းက ပိုမိုကျယ်ပြန့်လာခဲ့တယ်။ ရောမချာ့ချ်ကျောင်းတော်ကလည်း သာသနာပြုလုပ်ငန်းမှာ အသုံးချနိုင်ဖို့အတွက် အားပေးခဲ့တယ်။ ဒါကြောင့် အရှေ့တိုင်းဘာသာစကားများလေ့လာရေးဆိုတာ သာသနာပြုလုပ်ငန်းဆိုင်ရာ ကြိုးပမ်းမှုတစ်ရပ်ဖြစ်တယ်လို့ အချို့သုတေသီတွေက အဆိုပြုကြတယ်။

(၁၅) ရာစုမှာ ကွန်စတန်တီနိုပယ်မြို့ကို အော်တိုမန်အင်ပါယာက သိမ်းပိုက်နိုင်ခဲ့ပြီးနောက် ဒီလှုပ်ရှားမှုက ပိုမိုအသက်ဝင်လာခဲ့တယ်။ ဥရောပကျောင်းသားများအတွက် အရဗီနဲ့ အိဗ်ရာနီဘာသာစကားက စိတ်ဝင်စားဖွယ်ဘာသာရပ်တွေဖြစ်လာခဲ့တယ်။ ရောမချာချ်ကျောင်းတော်ကလည်း အရှေ့တိုင်းဘာသာစကားကျွမ်းကျင်သူတွေကို သာသနာပြုလုပ်ငန်းအတွက် စေလွှတ်ခဲ့တယ်။ ဒီလိုပညာရှင်တွေမွေးထုတ်ပေးနိုင်ဖို့ သီးသန့်အဖွဲ့အစည်းတွေ ထူထောင်ပေးတယ်။ ဒီပညာရှင်တွေဟာ အစ္စလာမ့်ရေးရာစာပေတွေကို လေ့လာပြီး ဝေဖန်ထိုးနှက်ဖို့ အချက်အလက်ရှာဖွေကြတယ်။ ဗာတီကန်ချာချ်ကျောင်းမှာ အရှေ့တိုင်းသာသနာရေးရာစာပေများ စုဆောင်းထားရှိရာ စာကြည့်တိုက်ကြီးတစ်ခုပေါ်ပေါက်လာခဲ့တယ်။

ဂျူရ်ဂျီဇိုင်ဒါး်န်က ကွန်စတန်တီနိုပယ်ကျဆုံးပြီးနောက်စတင်ခဲ့တဲ့ အီတလီပညာရေးလှုပ်ရှားမှုနဲ့ ဥရောပအနှံ့ပညာရှင်တွေပြန့်နှံ့သွားပုံနဲ့ပတ်သတ်ပြီး ဒီလိုတင်ပြတယ်။ ဒီအချိန်ရောမက အရှေ့တိုင်းနိုင်ငံများဆီ သာသနာပြုများစေလွှတ်ရေးကို အထူးကြိုးပမ်းဆောင်ရွက်နေတယ်။ ဒီလိုစေလွှတ်နိုင်ဖို့အတွက် အရဗီဘာသာစကားကိုသင်ယူဖို့ မဖြစ်မနေလိုအပ်လာတယ်။ ဒါကြောင့် ရောမနဲ့ဗာတီကန်ရဲ့ အရှေ့တိုင်းဘာသာစကားများကို လေ့လာရေးအစီအစဉ် စတင်ခဲ့တာဖြစ်တယ်။ တစ်ဆက်တည်း သီးသန့်ပုံနှိပ်တိုက်တွေတည်ထောင်ပြီး အရှေ့တိုင်းရေးရာစာပေများ စုဆောင်းထားရှိရာ စာကြည့်တိုက်ကြီးတွေကို တည်ထောင်ခဲ့ကြတယ်။

အီတလီနဲ့အတူ ပြင်သစ်လည်း ဒီလှုပ်ရှားမှုမှာပါဝင်လာခဲ့ပြီး အခြားဥရောပနိုင်ငံတွေလည်း ပါဝင်လာခဲ့တယ်။ ခရစ်ယာန်သာသနာပြုတွေစတင်ခဲ့တဲ့ ဒီလှုပ်ရှားမှုက နောက်ပိုင်းမှာ သီးသန့်ပညာရပ်နယ်ပယ်တစ်ခုဖြစ်သွားခဲ့တယ်။ ဒီအရှေ့တိုင်းစာပေလေ့လာရေးလှုပ်ရှားမှုနဲ့ပတ်သတ်ပြီး ဒေါက်တာအလီဂျိုရိုင်ရှာဟ်က တင်ပြတယ်။ စပိန်မွတ်စ်လင်မ်တွေကို ခရစ်ယာန်ခရူးဆိတ်တွေ အပြင်းအထန်တိုက်ခိုက်နေချိန် ဟိဂျ်ရီ (၇) ရာစုမှာ ဒီလှုပ်ရှားမှုစတင်တယ်။ ဘုရင် **Alfonso** နဲ့ ပညာရှင်

Scoot တို့က မွတ်စ်လင်မ်တွေရဲ့ပညာရပ်တွေနဲ့ ယဉ်ကျေးမှုကို လေ့လာကြဖို့ ဆော်သြတယ်။ **scoot** က စပိန်နိုင်ငံ **Toledo** မြို့မှာ ခရစ်ယာန်ဘုန်းတော်ကြီး အချို့ကို စုစည်းပြီး အရဗီစာအုပ်အချို့ကို ဘာသာပြန်ဆိုတယ်။ ဒီဘာသာပြန် စာအုပ်တွေကို **Sicilly** ဘုရင်ထံဆက်သပြီး ပြန်လည်ကူးယူကာ ပါရီတက္ကသိုလ်ကို လက်ဆောင်အဖြစ် ပေးပို့တယ်။ **Toledo** မြို့က ပုပ်ရဟန်းမင်းကြီးကလည်း အရဗီကျမ်းများဘာသာပြန်ခြင်းကို အားသွန်ခွန်စိုက်လုပ်ဆောင်ခဲ့တယ်။ ဒီလိုနဲ့ ပညာရပ်အသီးသီးက အရဗီစာအုပ်တွေကိုဘာသာပြန်ဆိုခြင်းက ဥရောပမှာ ပိုမို ကျယ်ပြန့်လာခဲ့တယ်။ ပုံနှိပ်စက်ပေါ်ပေါက်လာပြီးနောက် ဥရောပမှာ တက္ကသိုလ် သင်ရိုးဝင်အရဗီစာအုပ်တွေကို ပုံနှိပ်ထုတ်ဝေတဲ့ပုံနှိပ်တိုက်တွေ ပေါ်ပေါက်လာခဲ့ တယ်။

အဟ်မဒ်ဟစန်ဇိုက်ယားသ် တင်ပြတယ်။ ခရစ်ယာန်ဘုန်းတော်ကြီး **Raimond** က (၁၁၃၀) ခုနှစ် **Toledo** မြို့မှာ ဘာသာပြန်ဌာနတစ်ခုတည်ထောင်ပြီး ဂျူးတွေရဲ့ အကူအညီနဲ့ အရဗီကျမ်းကြီးတွေကို လက်တင်ဘာသာပြန်ဆိုတယ်။ ဒီဘာသာပြန် လုပ်ငန်းကြောင့် ဥရောပမှာ ပညာရေးအသိနိုးကြားလာပြီး (၁၂) ရာစု ကနေ (၁၄) ရာစုအတွင်း ဘာသာပြန်ဆိုခဲ့တဲ့စာအုပ်ပေါင်း (၃၀၀) ခန့် ရှိခဲ့တယ်လို့ **Dr. Clark** က ဆိုတယ်။ အခြားပညာရှင်တွေက စာအုပ်ပေါင်း (၄၀၀) ခန့်ရှိတယ်လို့ ဆိုကြတယ်။ ဘာသာပြန်တဲ့စာအုပ်အများစုက မွတ်စ်လင်မ်ပညာရှင်ကြီးတွေဖြစ်တဲ့ ရာဇီ၊ ဖဟ်ရာဝီ၊ အိဗ်နေ့ရုရှ်ဒ်၊ အိဗ်နေ့ဆီနားတို့ရဲ့စာအုပ်တွေနဲ့ အရဗီစာပေနဲ့ရှိနေတဲ့ အရစ္စတိုတယ်၊ ပလေတို၊ ဆိုကရေးတီးတို့ရဲ့ စာအုပ်တွေဖြစ်တယ်။ (၁၉) ရာစု လောက်အထိ ဒီစာအုပ်တွေဟာ ဥရောပတက္ကသိုလ်တွေရဲ့ တက္ကသိုလ်သင်ရိုးဝင် စာအုပ်တွေဖြစ်ခဲ့တယ်။

မွတ်စ်လင်မ်နိုင်ငံတွေကို ကိုလိုနီပြုသိမ်းပိုက်ခဲ့တဲ့ (၁၇) ရာစုကာလမှာ ဒီလှုပ် ရှားမှု ပိုမိုအားကောင်းလာခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ဒေသခံတွေရဲ့ ဘာသာ စကားနဲ့ယဉ်ကျေးမှုကို သေချာသိရှိနားလည်ရင် ထိန်းချုပ်ရတာပိုမိုလွယ်ကူတဲ့

အတွက်ဖြစ်တယ်။ ထောင်နဲ့ချီတဲ့အရဗီစာအုပ်တွေကို ဥရောပဘာသာစကား အသီးသီးနဲ့ ပြန်ဆိုခဲ့တယ်။ အစ္စလာမ်သာသနာနဲ့ပတ်သတ်တဲ့ စာေဒကတွေကို မွတ်စ်လင်မ်လူထုအတွင်း ဖြန့်ဝေခဲ့တယ်။ ဒီကာလမှာဖြစ်ခဲ့တဲ့ လှုပ်ရှားမှုရဲ့ ရည်ရွယ်ချက်က မွတ်စ်လင်မ်အချင်းချင်းကြားသွေးခွဲဖို့နဲ့ အစ္စလာမ်သာသနာကို မွတ်စ်လင်မ်တွေယုံကြည်မှုနည်းလာစေဖို့ စာေဒကများဖြန့်ချိရေးဖြစ်တယ်။

ဒီကာလအလွန် (၁၉၀၀) ခုနှစ်ကျော်မှာ ဒီလှုပ်ရှားမှုရဲ့ရည်ရွယ်ချက် ပြောင်းလဲသွားတယ်။ အစ္စလာမ်သာသနာအင်အားချိနဲ့စေရန်ဆိုတဲ့ ရည်ရွယ်ချက်နေရာမှာ အနောက်တိုင်းကလက်ခံနိုင်မဲ့ အစ္စလာမ်အတုတစ်ခု ဖန်တီးရေးဆိုတဲ့ ရည်ရွယ် ချက်ဖြစ်တယ်။ ဒါကြောင့် အရှေ့တိုင်းဝါဒီတွေရဲ့ ရည်ရွယ်ကြိုးပမ်းချက်တွေက ခေတ်ကာလနဲ့အညီ ပြောင်းလဲနေကြောင်းကို အထင်အရှားတွေ့ရပါတယ်။

အရှေ့တိုင်းရေးရာပညာရပ်များကို လေ့လာသူတွေထဲမှာ သီးသန့်ပညာရေး ဆိုင်ရာရည်ရွယ်ချက်နဲ့လေ့လာကြတဲ့ အရှေ့တိုင်းဝါဒီပညာရှင်တွေလည်း ရှိတယ်။ ဒါကစာအုပ်ပါအကြောင်းအရာနဲ့ မသက်ဆိုင်လို့ ချန်ထားခဲ့ပါမယ်။ ဘာသာရေး၊ အုပ်ချုပ်ရေးနဲ့ စီးပွားရေးဆိုင်ရာအကျိုးအမြတ်အတွက် လေ့လာကြသူတွေရဲ့ ရည် ရွယ်ချက်များကို တင်ပြပါမယ်။

ဘာသာရေးဆိုင်ရာရည်ရွယ်ချက်များ

❍ တမန်တော်မုဟမ္မဒ် ﷺ ဟာ အလ္လာဟ်အရှင်မြတ်စေလွှတ်ထားတဲ့ တမန်တော် ဖြစ်ခြင်းနဲ့ပတ်သတ်ပြီး သံသယဝင်လာစေရန်၊ ဟဒီးဆ်တွေဆိုတာ ပထမသုံးရာစု အတွင်းက မွတ်စ်လင်တွေရဲ့ လုပ်ကြံတီထွင်ပြောဆိုမှုများဖြစ်တယ်လို့ ယုံကြည် လာစေရန်။

❍ ကုရ်အာန်ကျမ်းမြတ်ဟာ အလ္လာဟ်အရှင်မြတ်ထုတ်ပြန်ထားသော ကျမ်းဂန်ဖြစ်ခြင်းနဲ့ပတ်သတ်ပြီး သံသယဝင်စေရန်။

❍ အစ္စလာမ့်ဓမ္မသတ်တန်ဖိုးလျော့ကျစေရန်၊ ရောမဥပဒေသာ မူရင်းဖြစ်ကြောင်း မြင်လာစေရန်။

❍ အရဗီစာပေဟာခေတ်ကာလနဲ့ အံဝင်ခွင်ကျမရှိတော့ကြောင်း မြင်လာစေရန်။

❍ အစ္စလာမ်ဆိုတာ ခရစ်ယာန်နဲ့ဂျူးကျမ်းဂန်တွေကနေ ကူးယူထားသောသာသနာဖြစ်ကြောင်း မြင်လာစေရန်။

❍ မွတ်စ်လင်မ်များကို ခရစ်ယာန်များအဖြစ်ပြောင်းလဲရန်။

❍ ဟဒီးဆ်များကို စိတ်တိုင်းကျအသုံးချပြီး မခိုင်လုံသောဟဒီးဆ်များနဲ့ ၎င်းတို့ရဲ့အမြင်များကို အထောက်အထားပေးနိုင်ရန်။

❍ မွတ်စ်လင်မ်အချင်းချင်းညီနောင်ဖြစ်သည်ဟူသော ဆက်နွယ်ချက်အားနည်းသွားစေရန်။ အမြင်မတူတဲ့အဖွဲ့များကြားမှ အကွဲအလွဲများကို ထုတ်ဖော်ရန်တိုက်ပြီး စည်းလုံးမှုဖြိုခွဲရန်။

❍ အစ္စလာမ်ကို ဆိုးရွားသောသာသနာအဖြစ်ပုံဖော်တင်ပြပြီး အစ္စလာမ့်ကောင်းခြင်းများကို ခရစ်ယာန်အသိုင်းအဝိုင်းက မသိမြင်စေရန်။

❍ အစ္စလာမ့်အင်အားစုကို အစိတ်စိတ်အမွှာမွှာဖြစ်စေရန်။ ဂျေဟားဒ်ကို ဖျက်သိမ်းရန်။

❍ အစ္စလာမ့်သင်ကြားချက်များကို သံသယဝင်စေပြီး အစ္စလာမ့်အရင်းအမြစ်များဖြစ်တဲ့ ကုရ်အာန်၊ ဟဒီးဆ်၊ တမန်တော်မြတ် ﷺ နဲ့ ဆွဟာဗာများရဲ့ဘဝပုံရိပ်များကို ယုံကြည်ချက်မဲ့စေရန်။

❍ မွတ်စ်လင်မ်တွေနိမ့်ပါးကျဆင်းခြင်းဟာ အစ္စလာမ်သာသနာရဲ့အစွန်းရောက်မှုကြောင့်ဖြစ်တယ်၊ သာသနာကိုပြုပြင်ဖို့လိုအပ်တယ်လို့ မြင်လာစေရန်။

❍ အနောက်တိုင်းလူမှုဘဝနေထိုင်နည်းကသာ တိုးတက်မှုအစစ်အမှန်ဖြစ်ကြောင်း ပြသရန်။

❍ အနောက်တိုင်းယဉ်ကျေးမှုကို ဂုဏ်တင်ပြီး အစ္စလာမ့်ယဉ်ကျေးမှုဆိုတာ ဆင့်ပွားရယူထားသော ယဉ်ကျေးမှုအတုအယောင်သာဖြစ်ကြောင်း ပြသနိုင်ရန်။

❍ အမျိုးသားရေးခေါင်းစဉ်အောက်ကနေ လူမျိုးစွဲ၊ ဒေသစွဲစိတ်ဓာတ်များကို ရှင်သန်စေပြီး အစ္စလာမ့်ကမ္ဘာရဲ့ စည်းလုံးညီညွတ်မှုကို ဖြိုခွဲရန်။

❍ အစ္စလာမ့်ရှရီအသ်နဲ့မကိုက်ညီတဲ့ စာပေ၊ နိုင်ငံရေးနဲ့ သစောင်ဝွဖ်နယ်ပယ်မှ ပုဂ္ဂိုလ်များကို ဂုဏ်တင်ပေးပြီး အများမွတ်စ်လင်မ်တို့ကို လှည့်စားရန်။

❍ ပညာရပ်ဆိုင်ရာနဲ့ သဘောတရားရေးရာ ရှားပါးအကွဲအလွဲများကို ဖြန့်ချိရန်။

အုပ်ချုပ်ရေးဆိုင်ရာရည်ရွယ်ချက်

ကိုလိုနီဥရောပနိုင်ငံတွေဟာ ကိုလိုနီစနစ်ကိုအကျိုးပြုဖို့နဲ့ မွတ်စ်လင်မ်နိုင်ငံတွေမှာ မိမိတို့ရဲ့အာဏာအခွန့်ရှည်ရေးအတွက်အသုံးချနိုင်မဲ့ အရှေ့တိုင်းဝါဒီပညာရှင်အုပ်စုကို မွေးထုတ်နိုင်ခဲ့တယ်။ ဒီပညာရှင်တွေရဲ့ ဦးတည်ချက်တစ်ခုက အရှေ့တိုင်းနဲ့ အစ္စလာမ်ဟာ လူဖြူတွေရဲ့လွှမ်းမိုးမှုအောက်ရှိနေစေဖို့ပဲ။ အရှေ့တိုင်းမှာ လူဖြူတွေရဲ့အုပ်ချုပ်ရေးနဲ့ နိုင်ငံရေးကို အသက်သွင်းဖို့မွေးထုတ်ထားတဲ့ အနောက်တိုင်းရဲ့ သီးသန့်အင်အားစုတစ်စုဖြစ်တယ်။

စီးပွားရေးဆိုင်ရာရည်ရွယ်ချက်များ

အနောက်တိုင်းနဲ့ အနောက်တိုင်းလက်အောက်ခံ အရှေ့တိုင်းနိုင်ငံတွေမှာ အရှေ့တိုင်းရေးရာစာအုပ်ဈေးကွက်အလွန်ကျယ်ပြန့်လာပြီး ဒီအမျိုးအစားစာအုပ်စာပေတွေဟာ ရောင်းအားကောင်းလာခဲ့တယ်။ ဒါကြောင့် စီးပွားရေးအကျိုးအမြတ်အတွက် ဒီလိုလေ့လာရေးလုပ်ခဲ့တာမျိုးလည်းရှိတယ်။

ဖော်ပြပါရည်ရွယ်ချက်တွေကြောင့်မဟုတ်ဘဲ သီးသန့်ပညာရပ်ဆိုင်ရာရည်ရွယ်ချက်နဲ့ လေ့လာလိုက်စားခဲ့တဲ့ ပညာရှင်တွေလည်းရှိပါသေးတယ်။

အရဗ်မွတ်စ်လင်မ်တို့ရဲ့ဂုဏ်တန်ဖိုးကိုဖျောက်ဖျက်ခြင်း

အရဗ်မွတ်စ်လင်မ်တွေဖော်ဆောင်ခဲ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ဖျောက်ဖျက်ဖို့ကြိုးစားတယ်။ အရဗ်တွေရဲ့အုပ်ချုပ်ရေးစနစ်ကို အပျက်သဘောသာ ပုံဖော်တင်ပြတယ်။ မွတ်စ်လင်မ်တွေဆိုတာ အစွန်းရောက်သူတွေ၊ ခေတ်နောက်ပြန်ဆွဲသူတွေဖြစ်ပြီး ယခင်ကတိုးတတ်ခဲ့တယ်ဆိုတာလည်း ယာယီအခိုက်အတန့်သာဖြစ်ကြောင်း အနောက်တိုင်းသားများကသာ အမှန်တကယ်တိုးတတ်အောင်လုပ်ဆောင်ခဲ့သူများဖြစ်ကြောင်း တင်ပြကြတယ်။ လူဖြူတွေရဲ့ဂုဏ်အဆင့်အတန်းကို အမွှန်းတင် ရေးသားကြတယ်။ လွတ်လပ်ရေးလှုပ်ရှားမှုတွေပြင်းထန်ခဲ့တဲ့ ပထမကမ္ဘာစစ်နောက်ပိုင်းမှာ ဒီထိုးနှက်ချက်တွေဟာ အငြိုးတကြီးနဲ့ အရှိန်အဟုန်ပြင်းစွာဖြစ်လာခဲ့တယ်။

ကုရ်အာန်ကျမ်းမြတ်ကို ပုံဖျက်ခြင်း

အဆိုးဝါးဆုံးပုံဖျက်မှုက အစ္စလာမ့်စွယ်စုံကျမ်းပါ ကုရ်အာန်မိတ်ဆက်ဖြစ်တယ်။ **D.M.Macdonald** က ရေးတယ်။ ကုရ်အာန်ဆိုတာ အလ္လာဟ်အရှင်မြတ်ထံပါး

က ကျရောက်လာတာမဟုတ်ဘူး။ မုဟမ္မဒ် ﷺ ရဲ့တီထွင်ဖန်တီးထားမှုသာဖြစ်တယ်။ မုဟမ္မဒ် ﷺ ဟာ ကာရံလိုအပ်ချက်နဲ့အညီ ကုရ်အာန်ကို အတိုးအလျှော့ပြုလုပ်ထားတယ်။ ဒါကြောင့် အလ္လာဟ်အရှင်မြတ်ရဲ့ ဂုဏ်တော်တွေများသွားခြင်းဖြစ်တယ်လို့ ဝေဖန်တယ်။

အရှေ့တိုင်းဝါဒီပညာရှင် **H.A.R.Gibb** က ဒီလိုဝေဖန်ထားတယ်။ နိုင်ငံရေး၊ ဘာသာရေးနဲ့ စီးပွားရေးအရ အချက်အချာကျတဲ့မက္ကာဟ်မြို့ရဲ့ အခြေအနေအရပ်ရပ်က မုဟမ္မဒ် ﷺ ရဲ့ဘဝမှာထင်ဟပ်ပြီး ကုရ်အာန်မှာ ပုံပေါ်လာတယ်။ ကုရ်အာန်ဆိုတာ မုဟမ္မဒ် ﷺ ရဲ့ ခံစားချက်တွေကနေဖြစ်လာတဲ့ ရလဒ်တစ်ခုသာ ဖြစ်တယ်။

ကုရ်အာန်ရဲ့ ကဏ္ဍတစ်ခုတိုင်းအပေါ် အသေးစိတ်ဝေဖန်ထိုးနှက်မှုတွေလည်း အများအပြားရှိပါသေးတယ်။ ကုရ်အာန်မှာတင်ပြထားတဲ့ အချက်အလက်တွေဟာ ခရစ်ယာန်နဲ့ ဂျူးကျမ်းတွေကို အခြေခံထားတာဖြစ်တယ်လို့ တင်ပြကြတယ်။

အချုပ်အားဖြင့်ဆိုရလျှင် အရှေ့တိုင်းဝါဒီပညာရှင်တွေဟာ အစ္စလာမ့်ယုံကြည်ချက်၊ ကုရ်အာန်၊ ဟဒီးဆ်နဲ့ အစ္စလာမ့်ဥပဒေတွေကို ဝေဖန်ထိုးနှက်တယ်။ အစ္စလာမ်ဆိုတာ လူလုပ်သာသနာတစ်ခုဖြစ်ကြောင်း မွတ်စ်လင်မ်တွေအထင်မှားစေဖို့ ဖြစ်တယ်။ ဒါကြောင့် အချို့အရှေ့တိုင်းဝါဒီပညာရှင်တွေက အစ္စလာမ်ဆိုတာ တမန်တော်မုဟမ္မဒ် ﷺ ခေတ် အရဗ်လူ့အဖွဲ့အစည်းရဲ့ လိုအပ်ချက်ကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်တယ်လို့တင်ပြတယ်။ ဒါကြောင့်အခြားခေတ်တွေနဲ့ အံဝင်ခွင်ကျမဖြစ်ဘူး။ ကုရ်အာန်နဲ့ဟဒီးဆ်ကို ပြုပြင်ပြောင်းလဲမှသာ မွတ်စ်လင်မ်တွေ တိုးတတ်နိုင်မယ်လို့ တင်ပြကြတယ်။(1)

(1) المشتشرقون ، نجيب العقيقي، ثلاثة أجزاء ، القاهرة

العلاقة بين الاستشراق والاستعمار ، علي إبراهيم النملة

الاستشراق والمستشرقون مالهم وماعليهم ، الدكتورمصطفى السباعي

(၃) ခရစ်ယာန်သာသနာပြုလုပ်ငန်း (Christianity mission)

ခရစ်ယာန်မဟုတ်သူတွေကို ခရစ်ယာန်ဘာသာထဲသွတ်သွင်းဖို့ ရည်ရွယ်လုပ်ဆောင်တဲ့ လှုပ်ရှားမှုဖြစ်တယ်။ စနစ်တကျအဖွဲ့အစည်းပုံစံနဲ့ စတင်ခဲ့တာက (၁၅၃၂) ခုနှစ်မှာ ဖြစ်တယ်။ မွတ်စ်လင်မ်တွေကို ခရစ်ယာန်များအဖြစ်ပြောင်းလဲပြီး အစ္စလာမ့်အင်အားကို ယုတ်လျော့စေဖို့ ဥရောပနိုင်ငံများက အသုံးချခဲ့တဲ့ နည်းလမ်းတစ်ခုလည်းဖြစ်တယ်။

ဂျာမန်ပညာရှင် **Becker** က တင်ပြတယ်။ အလယ်ခေတ်မှာ အစ္စလာမ်သာသနာပြန့်နှံ့လာခြင်းက ခရစ်ယာန်သာသနာပြန့်ပွားရေးကို အဟန့်အတားဖြစ်စေခဲ့တယ်။ ဒါကြောင့်ပဲ ခရစ်ယာန်နဲ့ အစ္စလာမ်ကြား ရန်ငြိုးရန်စတွေ ဖြစ်လာခဲ့တယ်။ ခရစ်ယာန်သာသနာပြုလုပ်ငန်းက ဂျေရုစလင်ကို သိမ်းပိုက်ဖို့ကြိုးစားခဲ့တဲ့ ခရူးဆိတ်စစ်ပွဲများ (၁ဝ၉၉ - ၁၂၅၄) အပြီးမှာ စတင်ကျယ်ပြန့်ခဲ့တယ်။

ခရူးဆိတ်စစ်ပွဲများအပြီး ပထမဆုံးသာသနာပြုပုဂ္ဂိုလ်အဖြစ် ထင်ရှားသူက **Ramon Llull** ဖြစ်တယ်။ သူဟာ အရဗီဘာသာစကားကိုသင်ယူပြီး ရှာမ် (ဆီးရီးယား) နိုင်ငံတစ်ခွင်မှာ မွတ်စ်လင်မ်ပညာရှင်တွေနဲ့ စကားစစ်ထိုးမှုတွေပြုရင်း သာသနာပြုခဲ့တယ်။ (၁၅) ရာစုအတွင်း ပေါ်တူဂီတို့ရဲ့နယ်မြေသစ်ရှာဖွေမှုတွေနဲ့အတူ အာဖရိကကို ခရစ်ယာန်သာသနာပြုတွေ ရောက်ရှိလာခဲ့တယ်။ ခရစ်ယာန်သာသနာပြု **Baron** ရဲ့တိုက်တွန်းမှုနဲ့ သာသနာပြုလုပ်ငန်းဆိုင်ရာ သီးသန့်ကောလိပ်တစ်ခု စတင်တည်ထောင်ခဲ့တာက (၁၆) ရာစုကတည်းကဖြစ်တယ်။ (၁၇၉၅) ခုနှစ်မှာ လန်ဒန်ခရစ်ယာန်သာသနာပြုအဖွဲ့ကို တည်ထောင်ခဲ့တယ်။ အမေရိကန်နိုင်ငံနဲ့ စကော့တလန်နိုင်ငံမှာ အဖွဲ့ခွဲတွေဖွဲ့ခဲ့တယ်။ (၁၈၁၉) ခုနှစ်မှာ ပရိုတက်စတင့်အသင်းတော်က အီဂျစ်နိုင်ငံသားအချို့နဲ့ သဘောတူညီမှုရယူပြီး အာဖရိကနိုင်ငံများအတွက် သမ္မာကျမ်းစာဖြန့်ဝေရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပေးခဲ့တယ်။ အရှေ့အလယ်ပိုင်းအရဗ်နိုင်ငံတွေဆီ သာသနာပြုအဖွဲ့များစေလွှတ်ခဲ့တယ်။ **Henry Martyn** ကတော့အနောက်အာရှနိုင်ငံတွေဆီ သာသနာပြုအဖွဲ့များကို စနစ်တကျနဲ့ အများ

အပြားစေလွှတ်ခဲ့သူဖြစ်ပြီး သမ္မာကျမ်းကို ဟင်ဒီ၊ ပါရှန်း၊ အာမေနီးယား ဘာသာစကားများသို့ ဘာသာပြန်ဆိုခဲ့တယ်။

(၁၉၇၅) ခုနှစ်မှတ်တမ်းများအရ အင်ဒိုနီးရှားနိုင်ငံမှာ ခရစ်ယာန်သာသနာပြုရုပ်သံလိုင်းတွေနဲ့ မဂ္ဂဇင်းတွေ ကြီးစိုးထားပြီး ပရိုတတ်စတင့်ချာ့ချ်ကျောင်း (၉၈၁၉) ကျောင်း၊ ဘုန်းတော်ကြီး (၃၈၉၇) ဦး၊ သာသနာပြု (၈၅၀၄) ဦး၊ ကတ်သလစ်ချာ့ချ်ကျောင်း (၇၂၅၀)၊ ဘုန်းတော်ကြီး (၂၆၃၀) ဦး၊ သာသနာပြု (၅၃၅၉) ဦးရှိတယ်။ ရေရှည်စီမံကိန်းတွေချပြီး စနစ်တကျ လုပ်ဆောင်ကြတယ်။ ဘင်္ဂလားဒေ့ရှ်၊ ကင်ညာ၊ မလေးရှား၊ အရှေ့အလယ်ပိုင်းနိုင်ငံတွေနဲ့ အာဖရိကနိုင်ငံတွေမှာလည်း သာသနာပြုဦးရေအများအပြားရှိနေပါတယ်။

ဒါကြောင့် ခရစ်ယာန်သာသနာပြုလုပ်ငန်းဆိုတာ သာသနာပြုဦးရေသိန်းချီပါဝင်တဲ့ ကမ္ဘာလုံးဆိုင်ရာလွှမ်းခြုံထားသော ဥရောပရဲ့ လက်တံရှည်ကြီးတစ်ခုဖြစ်တယ်။

ခရစ်ယာန်သာသနာပြုတို့ရဲ့လုပ်ဆောင်ချက်များ

သာသနာပြုလုပ်ငန်းနဲ့အတူ အစ္စလာမ့်နိုင်ငံတွေမှာ အစ္စလာမ့်ညီညွတ်ရေးကို ဖျက်ဆီးဖို့ကြိုးစားခဲ့တယ်။ ဘုန်းတော်ကြီး **Simon** ကပြောတယ်။ မွတ်စ်လင်မ်တွေစုစည်းနေခြင်းက သူတို့ရဲ့မျှော်လင့်ချက်တွေကိုလည်း တစ်ခုတည်းဖြစ်စေတယ်။ ဥရောပလွှမ်းမိုးမှုကို တိုက်ဖျက်ရာမှာ ဒီစုစည်းမှုကအရေးပါတယ်။ ဒီစုစည်းမှုကို ချိုးဖျက်ဖို့က သာသနာပြုလုပ်ငန်းရဲ့ တာဝန်တွေထဲမှာပါဝင်တယ်။ ဒီသာသနာပြုလုပ်ငန်းနဲ့ မွတ်စ်လင်မ်ညီညွတ်ရေးကို ဟန့်တားရမယ်။

အစ္စလာမ်ဆိုတာ ခါးမိုးပြီးဖြန့်ခဲ့သောသာသနာဖြစ်ကြောင်း သာသနာပြုတွေဝါဒဖြန့်လေ့ရှိတယ်။ ခရစ်ယာန်သာသနာပြုတစ်ဦးဖြစ်သူ **Nilson** ကပြောတယ်။

အစ္စလာမ်သာသနာဟာ အာရှနဲ့အာဖရိကပြည်သူတွေကို ဓါးနဲ့အနိုင်ယူခဲ့တယ်။ အမေရိကန်သာသနာပြု **Henry Jesups** ကပြောတယ်။ မွတ်စ်လင်မ်တွေဟာ အခြားသာသနာတွေကို နားမလည်ကြဘူး၊ တန်ဖိုးလည်းမထားကြဘူး။ သူတို့ဟာ ခေတ်နောက်ကျနေတဲ့ လူဆိုးတွေပဲ။ သာသနာပြုလုပ်ငန်းက သူတို့ကို ယဉ်ကျေးသိမ်မွေ့စေလိမ့်မယ်။

ဒေသဆိုင်ရာနဲ့ကမ္ဘာလုံးဆိုင်ရာ ခရစ်ယာန်သာသနာပြုညီလာခံတွေ နှစ်စဉ်ကျင်းပလေ့ရှိပြီး ဒီလုပ်ငန်းဟာ ဥရောပအစိုးရတွေရဲ့ထောက်ပံ့မှုနဲ့ စနစ်တကျလည်ပတ်နေဆဲ ကမ္ဘာလုံးဆိုင်ရာလုပ်ငန်းကြီးဖြစ်တယ်။

သာသနာပြုရာတွင်အသုံးချသောလုပ်ငန်းများ

❍ ဆေးကုသရေး

ဆေးရုံဆေးခန်းများတည်ထောင်ပြီး ကျမ်းမာရေးဝန်ဆောင်မှုပေးကာ သာသနာပြုကြတယ်။ **Paul Harrison** (အာရေဗျမှဆရာဝန်တစ်ဦး) စာအုပ်ရေးသူက ပြောတယ်။ အရဗ်နိုင်ငံအသီးသီးကလူတွေကို ခရစ်ယာန်ဘာသာထဲသွတ်သွင်းနိုင်တယ်ဆိုတာ ကျွန်တော်တို့တွေ့ခဲ့ရတယ်။ စာရေးဆရာတစ်ဦးဖြစ်တဲ့ **Morison** က ရေးသားတင်ပြတယ်။ ဆေးကုသပေးတဲ့ဆရာဝန်တစ်ဦးဟာ အီဂျစ်နိုင်ငံအနှံ့က ကျေးရွာတွေမှာ သာသနာပြုဖို့ အခွင့်အရေးရရှိသွားတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအားနည်းတဲ့ မွတ်စ်လင်မ်နိုင်ငံတွေမှာ ဆေးကုသပေးပြီး သာသနာပြုကြတယ်။ **Mr.Herper** က သာသနာပြုညီလာခံတစ်ခုမှာ ဒီလိုအဆိုတင်သွင်းတယ်။ သာသနာပြုဆေးကုသရေးအဖွဲ့တွေ အများအပြားစေလွှတ်ဖို့ အရေးကြီးတယ်။ ဘာကြောင့်လဲဆိုတော့ ဒီပုဂ္ဂိုလ်တွေဟာ လူထုနဲ့အမြဲထိတွေ့ဆက်ဆံဖို့ အခွင့်

အရေးရကြတယ်။ သူတို့ဟာ အခြားသာသနာပြုတွေထက် မွတ်စ်လင်မ်တွေအပေါ် ပိုပြီးလွှမ်းမိုးနိုင်စွမ်းရှိကြတယ်။

❍ သင်ကြားရေး

စာသင်ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်စတဲ့ ပညာရေးဌာနတွေ တည်ထောင်ပြီး သာသနာပြုလုပ်ငန်းအတွက် အသုံးချကြတယ်။ ဒီလိုပဲ ကလေးသူငယ်ပြုစုပျိုးထောင်ရေးစင်တာတွေတည်ထောင်ပြီး ကလေးငယ်တွေကို ငယ်ရွယ်စဉ်ကတည်းက ခရစ်ယာန်သာသနာနဲ့ မိတ်ဆက်ပေးကြတယ်။

❍ မီဒီယာအမျိုးမျိုး

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရေဒီယို၊ ရုပ်သံလိုင်းနဲ့ အင်တာနက်ဝဘ်ဆိုဒ်ပေါင်းများစွာ တည်ထောင်ပြီး သာသနာပြုလုပ်ငန်းကို တွင်ကျယ်စွာပြုလုပ်ကြတယ်။

❍ သမ္မာကျမ်းစာဖြန့်ဝေခြင်း

နှစ်ပေါင်း (၁၅၀) အတွင်း ဘာသာစကားပေါင်း (၁၁၃၀) မျိုးနဲ့ ပြန်ဆိုထားတဲ့ သမ္မာကျမ်းစာပေါင်းသန်း (၁၀၀၀) ခန့်ကို ဖြန့်ဝေပေးနိုင်ခဲ့တယ်။

❍ ပရဟိတလုပ်ငန်းများ

ကျောင်းသားကျောင်းသူများအတွက် အဆောင်ဆောက်လုပ်ပေးခြင်း၊ မိဘမဲ့ဂေဟာ၊ ဘိုးဘွားရိပ်သာများတည်ထောင်ပေးခြင်း၊ ဒေသတွင်းပရဟိတအသင်းများတည်ထောင်ပေးခြင်း၊ စာကြည့်တိုက်များတည်ထောင်ပေးခြင်း၊ ကင်းထောက်လူငယ်အဖွဲ့များတည်ထောင်ပေးခြင်း၊ အကျဉ်းသားများနဲ့ ရောဂါသည်များကို တွေ့ဆုံပြီး ထောက်ပံ့အားပေးနှစ်သိမ့်ခြင်း။ (၁၉၁၇) ခုနှစ် ကိုင်ရိုမြို့မှာဖြစ်ခဲ့တဲ့ ခရစ်ယာန်သာသနာပြုများညီလာခံမှာ **Mrs. Wilson** နဲ့ **Mrs. Hilday** တို့က တင်ပြတယ်။ အမျိုးသမီးအဆောင်တွေဆိုတာ သာသနာပြုအမျိုးသမီးများသဖွယ် စွမ်းဆောင်နိုင်တဲ့အတွက် သာသနာပြုလုပ်ငန်းအတွက် အရေးပါတယ်။

စစ်ပွဲများ ပဋိပက္ခများဖန်တီးခြင်း

မွတ်စ်လင်မ်အဖွဲ့အစည်းများအင်အားချိနဲ့စေရန် အချင်းချင်းပြဿနာဖြစ်အောင် သွေးထိုးလှုံ့ဆော်ပေးကြတယ်။ လူမျိုးစွဲ၊ အဖွဲ့စွဲ၊ ဝါဒစွဲစိတ်များကိုလှုံ့ဆော်ပေးပြီး ပြဿနာဖန်တီးတယ်။ ခရစ်ယာန်သာသနာပြုတစ်ဦးဖြစ်တဲ့ **Samuel Marinus Zwemer** က (1911) ခုနှစ်၊ လခ်နောင်းမြို့ သာသနာပြုများညီလာခံမှာ တင်ပြတယ်။ လက်ရှိအစ္စလာမ့်ကမ္ဘာရဲ့ နိုင်ငံရေးအကွဲအပြဲတွေဆိုတာ ခရစ်ယာန်သာသနာအကျိုးရှိဖို့ ဘုရားသခင်က ဖန်တီးပေးထားခြင်းဖြစ်တယ်။ (1)

الموسوعة الميسرة في الأديان والمذاهب المعاصرة للندوة العالمية للشباب الإسلامي ، الرياض ، 1979 م

အခန်း ၄။ အစ္စလာမ့်ကမ္ဘာတွင်ဝင်ရောက်လွှမ်းမိုးထားသော အနောက်တိုင်းအတွေးအခေါ်များ

(၁) မျိုးချစ်စိတ်

အစ္စလာမ့်ကမ္ဘာမှာ ထဲထဲဝင်ဝင်ဝင် ဝင်ရောက်လွှမ်းမိုးထားတဲ့ အတွေးအခေါ် တစ်ရပ်က မျိုးချစ်စိတ်အတွေးအခေါ်ဖြစ်တယ်။ မိမိမျိုးနွယ်ရဲ့ ကောင်းကျိုးကိုသာ ရှေးရှုရမယ်ဆိုတဲ့ အတွေးအခေါ်ဖြစ်တယ်။ မွတ်စ်လင်မ်အားလုံးကို ညီအစ်ကို သဖွယ်သဘောထားဖို့ လမ်းညွှန်ထားတဲ့ အစ္စလာမ့်အဆုံးအမနဲ့ဆန့်ကျင်တဲ့ အတွေး အခေါ်ဖြစ်တယ်။ ဒီအတွေးအခေါ်က (၁၈) ရာစုနဲ့ (၁၉) ရာစုအတွင်း ဥရောပရဲ့ နိုင်ငံရေးအခြေအနေကနေ ပေါ်ထွက်လာခဲ့တယ်။ (၁၈) ရာစု နှောင်းပိုင်း မှာပေါ်ပေါက်ခဲ့တဲ့ အာဏာပိုင်ဘုရင်စနစ်နဲ့ ဘာသာရေးခေါင်းဆောင်များရဲ့ အာ ဏာစက်ကိုတော်လှန်ပုန်ကန်တဲ့ ပြင်သစ်တော်လှန်ရေးကနေ မျိုးချစ်စိတ်အတွေး အခေါ် စတင်ပေါ်ပေါက်လာခဲ့တယ်။ ဒီတော်လှန်ရေးမှာ တစ်ဦးချင်းလွတ်လပ်ခွင့်၊ နိုင်ငံသားတိုင်းနိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိရေး၊ လူတန်းစားခွဲခြားဆက် ဆံမှုပပျောက်ရေး တောင်းဆိုသံတွေ ပေါ်ပေါက်လာခဲ့တယ်။ ဒီတော်လှန်ရေး မီးပွားက ဥရောပတစ်ခွင်မှာ ဒီမိုကရေစီနဲ့ မျိုးချစ်စိတ်ခေတ်ရှင်သန်ရေးလှုပ်ရှားမှု တွေကို ဆက်လက်လောင်မြိုက်စေခဲ့တယ်။ ရွေးကောက်ပွဲစနစ်နဲ့ အများစုဆန္ဒနဲ့ အညီ အုပ်ချုပ်ရေးစနစ်လည်ပတ်ရေးလှုပ်ရှားမှုတွေ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။

လေ့လာတွေ့ရှိချက်များအရ ဒီမိုကရေစီလှုပ်ရှားမှုနဲ့အတူ မျိုးချစ်စိတ်ခေတ် ရှင်သန်ရေး လှုပ်ရှားမှုတွေ ဒွန်တွဲပေါ်ပေါက်လာလေ့ရှိတယ်။ မျိုးချစ်စိတ်ဝါဒရဲ့ ကျောရိုးက သမိုင်းကြောင်းတူညီမှုအပေါ်အခြေခံပြီး အနာဂတ်တူတဲ့ လူမျိုးတူသူ တွေ ယဉ်ကျေးမှုတူသူတွေ စည်းလုံးညီညွတ်ရေးဖြစ်တယ်။ ဒီမျိုးချစ်စိတ်ဟာ လူထု

အပေါ် သာသနာတစ်ခုလွှမ်းမိုးသလို လွှမ်းမိုးလာခဲ့တယ်။ သာမန်မျိုးချစ်စိတ်ကနေ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ မိမိနိုင်ငံနဲ့ လူမျိုးအတွက် သစ္စာစောင့်သိရမယ်ဆိုတဲ့ မျက်ကန်းမျိုးချစ်ဝါဒအဖြစ် အသွင်ပြောင်းလာခဲ့တယ်။ ဥပမာ (၁၉) ရာစုဂျာမဏီမှာ လွှမ်းမိုးခဲ့တဲ့ ဂျာမန်လူမျိုးကြီးဝါဒ၊ တူရကီအမျိုးသားရေးဝါဒ။

နိုင်ငံရေးပညာရှင် **George Antonius** တင်ပြတယ်။ အရဗ်အမျိုးသားရေးဝါဒနဲ့ ပတ်သတ်ပြီး လှုံ့ဆော်မှုတွေက (၁၈၄၁) ခုနှစ် ဘေရွတ်မြို့မှာ အမေရိကန်တွေဖွင့်လှစ်ခဲ့တဲ့ စာပေအနုပညာအသင်းကနေ အစပြုခဲ့တယ်။ (၁၈၄၇) ခုနှစ်နဲ့ (၁၉၄၇) ခုနှစ်အတွင်း ခရစ်ယာန်တွေရဲ့ဦးဆောင်မှုနဲ့ စာပေအနုပညာနဲ့ ပညာရေးခေါင်းစဉ်တပ်ထားတဲ့ အရဗ်အမျိုးသားရေးအဖွဲ့တွေ ပေါ်ပေါက်ခဲ့တယ်။ ဒေါက်တာယူစွဖ်ခလီးလ်တင်ပြတယ်။ အရဗ်အမျိုးသားရေးဝါဒစတင်ပေါ်ပေါက်ပြီး အားကောင်းလာခြင်းမှာ အရဗ်ခရစ်ယာန်တွေဟာ အရေးပါတဲ့အခန်းကဏ္ဍကနေ ပါဝင်ခဲ့တယ်။

အော်တိုမန်အင်ပါယာပြိုကွဲခဲ့ရတဲ့ အကြောင်းအရင်းတွေထဲမှာ အရဗ်မျိုးချစ်ဝါဒလည်း ပါဝင်ပါတယ်။ (၁၈) ရာစုအတွင်း ခရစ်ယာန်သာသနာပြုတွေ တည်ထောင်ခဲ့တဲ့ အရဗီစာပေအနုပညာဌာနတွေကနေ အရဗ်အမျိုးသားရေးဝါဒကို စတင်မိတ်ဆက်တင်ပြတယ်။ ဘာသာရေးကြီးစိုးမှုကိုတော်လှန်ခဲ့တဲ့ ပြင်သစ်နိုင်ငံမှာ ပညာသင်ကြားခဲ့တဲ့ အရဗ်ကျောင်းသားတွေ (အထူးသဖြင့် အရဗ်ခရစ်ယာန်တွေ) က အရဗ်အမျိုးသားရေးဝါဒတွင်ကျယ်လာအောင် နည်းလမ်းအမျိုးမျိုးနဲ့ ဖြန့်ဝေခဲ့တယ်။ အစ္စလာမ့်စည်းဘောင်ကနေထွက်ဖို့အတွက် အမျိုးသားရေးဝါဒကို ဦးဆောင်အသုံးချခဲ့သူတွေဟာ အရဗ်ခရစ်ယာန်တွေဖြစ်တယ်။

အမျိုးသားရေးဝါဒကနေ နယ်မြေဒေသစွဲစိတ် ဆက်လက်ပေါက်ဖွားတယ်။ ရလဒ်အနေနဲ့ အရဗ်ကမ္ဘာလည်း နိုင်ငံငယ်အများအပြားကွဲထွက်ပြီး အစိတ်စိတ်အမွှာအမွှာဖြစ်သွားခဲ့တယ်။ သာသနာကိုအခြေခံပြီးစုစည်းနေတဲ့ မွတ်စ်လင်မ်တွေ

ကို သွေးခွဲပြီးအင်အားချိနဲ့အောင်လုပ်ဖို့ ဥရောပနိုင်ငံတွေဖြန့်ဝေခဲ့တဲ့ မျိုးချစ်စိတ်ဝါဒက အသုံးဝင်ပြီးထိရောက်ခဲ့တယ်။

(၂) လောကီသီးသန့်ဝါဒ (Secularism)

လောကီသီးသန့်ဝါဒဆိုတာ သာသနာကို နိုင်ငံရေးနဲ့လူမှုဘဝကနေ ဖယ်ထုတ်တဲ့ဝါဒကို ခေါ်တယ်။ ဗြိတိသျှစွယ်စုံကျမ်းရဲ့ဖွင့်ဆိုချက်အရ လူ့အဖွဲ့အစည်းကို နောင်တမလွန်ဘဝအပေါ်ရှေးရှုခြင်းကနေ လက်တွေ့ဘဝကိုရှေးရှုစေရေးလှုပ်ရှားမှုဖြစ်တယ်။

အလယ်ခေတ်ဥရောပလူ့အဖွဲ့အစည်းကို ခရစ်ယာန်ချာ့ချ်ကျောင်းတော် ကြီးစိုးထားချိန် လောကနဲ့အဆက်ဖြတ်ပြီး တမလွန်ဘဝကို အပြည့်အဝအာရုံစိုက်ဖို့ ခရစ်ယာန်သာသနာက လမ်းညွှန်တယ်။ လွတ်လပ်စွာစူးစမ်းလေ့လာခြင်းကို လက်မခံဘူး။ ဒီစနစ်ကိုအံတုတဲ့အနေနဲ့ လက်တွေ့ဘဝကိုသာအာရုံစိုက်ပြီး ပိုမိုသက်သာချောင်ချိစွာနေနိုင်ရေးကိုအားပေးတဲ့အတွေးအမြင်တွေ ပေါ်ပေါ်လာတယ်။ ဘာသာရေးဆိုတာ ပုဂ္ဂလိကကိစ္စသာဖြစ်တယ်။ အုပ်ချုပ်ရေးနဲ့နိုင်ငံရေးမှာ ဘာသာရေးဝင်မစွက်ရဆိုတဲ့ လောကီသီးသန့်ဝါဒ ဥရောပကိုလွှမ်းမိုးသွားတယ်။

အစ္စလာမ့်ကမ္ဘာနဲ့ လောကီသီးသန့်ဝါဒ

အစ္စလာမ့်နိုင်ငံတွေမှာ လောကီသီးသန့်ဝါဒကို ဖြန့်ချိခဲ့သူအများစုဟာ အရှေ့တိုင်းဝါဒီပညာရှင်တွေထံ ပညာသင်ယူထားတဲ့မွတ်စ်လင်မ်တွေဖြစ်တယ်။ သူတို့ဟာ သာသနာနဲ့လောကီရေးဆိုတာ သက်သက်ဆီဖြစ်တယ်ဆိုတဲ့ အတွေးအခေါ်ကို မွတ်စ်လင်မ်လူထုထဲမှာ ဖြန့်ချိကြတယ်။ ပမာအားဖြင့် အဇ်ဟရ်တက္ကသိုလ်က ပညာရှင်တစ်ဦးဖြစ်တဲ့ အလီအဗ္ဗဒ္ဒရ်ရဇ္ဇာက်က သူ့ရဲ့ (အစ္စလာမ်နဲ့အုပ်ချုပ်ရေးအရင်း

အမြစ်များ) ဆိုတဲ့စာအုပ်မှာ ဒီလိုတင်ပြတယ်။ အစ္စလာမ်ဆိုတာ ဝတ်ပြုကိုးကွယ်မှုနဲ့သာ သက်ဆိုင်တဲ့သာသနာဖြစ်တယ်။ အုပ်ချုပ်ရေး၊ နိုင်ငံရေးနဲ့ မသက်ဆိုင်ဘူး။ ဒီအတိုင်းပဲ အုပ်ချုပ်ရေး၊ ပညာရေး၊ ကလေးသူငယ်ပြုစုပျိုးထောင်ရေးနဲ့ လူ့အဖွဲ့အစည်းရဲ့ အခြားကဏ္ဍတွေမှာ ဥရောပရဲ့နည်းစနစ်တွေကိုအတုယူဖို့ သွာဟာ ဟိုစိုင်းတို့လို ပညာရှင်တွေက လှုံ့ဆော်တိုက်တွန်းကြတယ်။ ဒီဝါဒကြောင့် မွတ်စ်လင်မ်နိုင်ငံတွေမှာ အစ္စလာမ့်လမ်းစဉ်ကို ပစ်ပယ်လာကြတယ်။ အစ္စလာမ့်ယုံကြည်ချက်တွေ အစ္စလာမ့်စံနှုန်းတွေ အစ္စလာမ့်အတွေးအမြင်တွေဟာ ဝေဖန်ထိုးနှက်လှောင်ပြောင်သရော်ခံလာရတယ်။ လွတ်လပ်စွာပြောဆိုခွင့်ခေါင်းစဉ်အောက်ကနေ အစ္စလာမ်နဲ့ဆန့်ကျင်တဲ့အတွေးအမြင်တွေ အထိန်းအကွပ်မရှိကျယ်ကျယ်ပြန့်ပြန့် စီးဆင်းခွင့်ရခဲ့တယ်။ တူရကီလို သမိုင်းအစဉ်အလာကြီးမားတဲ့ မွတ်စ်လင်မ်နိုင်ငံလည်း အစ္စလာမ်လမ်းစဉ်ကိုဆန့်ကျင်တဲ့ ကွန်မြူနစ်နိုင်ငံဖြစ်သွားတယ်။

အစ္စလာမ္မစ်နိုင်ငံရေးအဖွဲ့အစည်းတွေ ပိတ်ပင်ခံရတယ်။ အစ္စလာမ့်ရေးရာလှုပ်ရှားမှုတွေ နှိပ်ကွပ်ခံရတယ်။ ဗလီတွေနဲ့ သာသနာ့စာသင်ကျောင်းတွေကအစစောင့်ကြည့်ခြင်းခံရတယ်။ မွတ်စ်လင်မ်နိုင်ငံတွေမှာ အစ္စလာမ်လမ်းစဉ်ဆိုတာ ဗလီထဲမှာသာ တွေ့မြင်နိုင်ရတော့တဲ့အထိ ဒီလောကီသီးသန့်ဝါဒက လုပ်ဆောင်ခဲ့တယ်။

(၂) ဆိုရှယ်လစ်ဝါဒ (Socialism)

ပြည်သူပိုင်စီးပွားရေးဝါဒလို့ အလွယ်တကူနားလည်နိုင်တယ်။ ဥရောပကိုလိုနီအဖြစ်ကနေ လွတ်လပ်ရေးရပြီးနောက် အရဗ်ကမ္ဘာမှာ လူမျိုးရေးလှုပ်ရှားမှုနဲ့အတူ ဆိုရှယ်လစ်ဝါဒဝင်ရောက်လာခဲ့တယ်။ လုပ်ငန်းရှင်တွေခေါင်းပုံဖြတ်အမြတ်ထုတ်ခွင့်ရတဲ့ အရင်းရှင်ဝါဒကိုဆန့်ကျင်ရာကနေ ဆိုရှယ်လစ်ဝါဒပေါ်ပေါက်လာခြင်းဖြစ်တယ်။

အရင်းအနှီးကို အစိုးရလက်ဝယ်ထားရှိရမယ်ဆိုတဲ့ အတွေးအမြင်ကို စတင်တင်ပြသူက **Simon** (၁၇၆၀ - ၁၈၂၅) ဖြစ်တယ်။ သူ့ကို ဆိုရှယ်လစ်ဝါဒရဲ့ဖခင်ကြီးအဖြစ်သတ်မှတ်ထားကြတယ်။ ပြင်သစ်ပညာရှင် **Lowas Plon** က စက်ရုံတွေကို အစိုးရကပိုင်ဆိုင်ပြီး စီမံခန့်ခွဲရမယ်ဆိုတဲ့အမြင်ကို တင်ပြခဲ့တယ်။ ဒီအဆင့်အထိက အရင်းရှင်စနစ်ကို တော်လှန်တဲ့အတိုင်းအတာ မရောက်သေးဘူး။ အလုပ်သမားတွေရဲ့ အခက်အခဲအကြပ်အတည်းတွေကို ဖြေရှင်းပေးရေးနဲ့ အမြတ်ကြီးစားခြင်းကို လျှော့ချနိုင်ဖို့သာဖြစ်တယ်။ တော်လှန်ပုန်ကန်တဲ့ ဆိုရှယ်လစ်အမြင်ကို **Karl Marx** (၁၈၁၈ - ၁၈၈၃) က စတင်တင်ပြတယ်။ သူက အရင်းရှင်စနစ်ကို အမြစ်ဖြတ်တော်လှန်ဖို့လှုံ့ဆော်ပြီး စီးပွားရေးကဏ္ဍကနေ အုပ်ချုပ်ရေးနဲ့ကိုယ်ကျင့်တရားပိုင်းဆိုင်ရာကဏ္ဍအထိ ချဲ့ထွင်တွေးခေါ်တယ်။ ကဏ္ဍပေါင်းစုံမှာ သီးသန့်အမြင်ရှိတဲ့ ကွန်မြူနစ်ဝါဒပေါ်ပေါက်လာခဲ့တယ်။

မဲ့က်စ်က ဘာသာတရားဆိုတာ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းမှာ အကြီးမားဆုံးအဟန့်အတားတစ်ခုဖြစ်တယ်လို့ မြင်တယ်။ ဒါကြောင့် ဘာသာရေးယုံကြည်ချက်တွေကို အပြင်းအထန်ဝေဖန်တိုက်ခိုက်တယ်။ ဘာသာရေးဆိုတာ အသိမဲ့စေပြီး မူးယစ်စေတဲ့ဘိန်းနဲ့တူတယ်လို့မဲ့က်စ်က မြင်တယ်။ ဒါကြောင့် ကွန်မြူနစ်ဝါဒီများရဲ့ ဘာသာရေးအပေါ်ထိုးနှက်မှုများက ယနေ့တိုင်ရှိနေခြင်းဖြစ်တယ်။

ကွန်မြူနစ်ဝါဒဟာ ဘာသာရေးကို နှိပ်ကွပ်တယ်။ တန်းတူရပိုင်ခွင့်ကို အကြောင်းပြပြီး လူတိုင်းကို လွတ်လပ်စွာစီးပွားရေးလုပ်ခွင့်မပေးဘူး။ နိုင်ငံတော်က ခွင့်ပြုတဲ့အရာတွေကလွဲပြီး အခြားဘယ်အရာကိုမှ ဖတ်ရှုလေ့လာခွင့်၊ နားထောင်ခွင့်မပေးဘူး။ ဒီလိုပြင်းထန်တဲ့တင်းကြပ်မှုတွေနဲ့ အသက်သွင်းအကောင်အထည်ဖော်ခဲ့ပေမယ့် လက်တွေ့ရလဒ်များအရ ကွန်မြူနစ်ဝါဒကျရှုံးခဲ့ပါတယ်။ စီးပွားရေးနဲ့ ကုန်ထုတ်လုပ်မှုတိုးတတ်ရေး၊ လူမှုဘဝသက်သာချောင်ချိရေးစတဲ့ ဦးစားပေးရည်မှန်းချက်တွေကအစ မအောင်မြင်ခဲ့ဘူး။ ကွန်မြူဝါဒဟာ လက်တွေ့မှာကျရှုံးခဲ့

ကြောင်း ကွန်မြူနစ်ခေါင်းဆောင်များကိုယ်တိုင် ဝန်ခံထားကြတာတွေလည်း ရှိပါတယ်။

ကွန်မြူနစ်ဝါဒနဲ့ အစ္စလာမ့်လမ်းစဉ်ဟာ ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။ ကွန်မြူနစ်ဝါဒက ဖန်ဆင်းရှင်တည်ရှိမှုကို လက်မခံဘူး။ ကိုယ်ကျင့်တရားစံနှုန်းတွေကို ပစ်ပယ်တယ်။ တစ်ဦးချင်းပိုင်ဆိုင်မှုကို ကန့်သတ်ထိန်းချုပ်ထားတယ်။ ဆန့်ကျင်သူတွေကို အမြစ်ဖြတ်သုတ်သင်နိုင်မဲ့ဥပဒေတွေ ပြဋ္ဌာန်းတယ်။ အားလုံးဟာ တန်းတူညီမျှသာ ရပိုင်ခွင့်ရှိတဲ့အတွက် အလုပ်ကြိုးစားသူတွေ၊ ထူးချွန်သူတွေ မပေါ်ထွက်တော့ဘူး။ အပြန်အလှန်ဖေးမကူညီမှုတွေ မတွေ့ရတော့ဘူး။ စတင်ချိန်ကတည်းကရည်မှန်းထားတဲ့ ရွှေခေတ်ကလည်း နှစ်ပေါင်းများစွာကြာတဲ့အထိ ကွန်မြူနစ်နိုင်ငံတွေမှာ အိပ်မက်အဆင့်ကနေ တက်မလာခဲ့ဘူး။ ကွန်မြူနစ်စနစ်ကိုကျင့်သုံးခဲ့တဲ့ မွတ်စ်လင်မ်နိုင်ငံတွေမှာ အစ္စလာမ့်လမ်းစဉ်ဟာ နည်းမျိုးစုံနဲ့နှိပ်ကွပ်ခံရတဲ့အပြင် စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပြည်သူလူထုသက်သာချောင်ချိရေးနဲ့ အခြားကဏ္ဍစုံပေါင်းစုံလည်း ပျက်စီးယိုယွင်းခဲ့တယ်။ လက်တွေ့အကျိုးဖြစ်ထွန်းမှု မရှိခဲ့ဘူး။

(၃) အခြားအတွေးအခေါ်အသစ်များ

မျိုးချစ်စိတ်၊ ဒီမိုကရေစီနဲ့ ကွန်မြူနစ်ဝါဒတို့သာမက မွတ်စ်လင်မ်လူထုရဲ့ အတွေးအခေါ်ခံယူချက်များအပေါ် များစွာရိုက်ခက်ခဲ့တဲ့ အခြားအတွေးအမြင်တွေလည်း ရှိပါသေးတယ်။ တစ်ဦးချင်းလွတ်လပ်ခွင့်၊ ပြုပြင်ပြောင်းလဲရေး၊ တော်လှန်ရေး၊ လူသားဆန်ခြင်း၊ ခေတ်မီခြင်းစတဲ့ အတွေးအမြင်တွေဟာ မွတ်စ်လင်မ်လူ့အဖွဲ့အစည်းအတွင်း ဝင်ရောက်လွှမ်းမိုးပြီး သက်ရောက်မှုများစွာ ဖြစ်စေခဲ့တယ်။

ခေတ်သစ်အတွေးအခေါ်ဝါဒအားလုံးဟာ ပုဂ္ဂလိကလွတ်လပ်ခွင့်ကို မထိပါးဖို့ ကြွေးကြော်ကြတယ်။ ပုဂ္ဂလိကလွတ်လပ်ခွင့်ကို အခြေခံဥပဒေမှာ ထည့်သွင်း

ပြဋ္ဌာန်းကြတယ်။ သို့သော် လွတ်လပ်စွာလုပ်ပိုင်ခွင့်ကိုမထိပါးရဘူးလို့ ကြွေးကြော်ကြတဲ့ ဥရောပနိုင်ငံတွေဟာ မွတ်စ်လင်မ်တွေရဲ့ သာသနာရေးလေးစားမှုကို ပြစ်တင်ရှုံ့ချကြတယ်။ မွတ်စ်လင်မ်အမျိုးသမီးများမိမိတို့ဆန္ဒအရ ဟေဂျားဗ်ဝတ်ဆင်ခြင်းကို ပုဂ္ဂလိကလွတ်လပ်ခွင့်အရ ဝတ်ခွင့်ရှိတယ်လို့လက်မခံဘဲ ဝေဖန်ကြတယ်။ ဒါကြောင့် လူ့အခွင့်အရေးအပြည့်အဝပေးတယ်လို့ ဘယ်လောက်ပဲကြွေးကြော်နေလင့်ကစား တစ်နည်းမဟုတ်တစ်နည်း ချုပ်ကိုင်တင်းကြပ်ကြတာ ပေါ်လွင်ထင်ရှားပါတယ်။

အနောက်တိုင်းလူ့အခွင့်အရေးနဲ့ အစ္စလာမ့်လူ့အခွင့်အရေးဟာ ကွာခြားပါတယ်။ အစ္စလာမ့်အမြင်အရ လူတိုင်းဟာ လူ့အဖွဲ့အစည်းရဲ့ အစိတ်အပိုင်းတွေဖြစ်တယ်။ လူတိုင်းအတွက် ရပိုင်ခွင့်တွေနဲ့အတူ တာဝန်တွေပြဋ္ဌာန်းထားတယ်။ ပြုလုပ်ပိုင်ခွင့်ရှိတဲ့အရာတွေနဲ့ တားမြစ်ပိတ်ပင်ထားတဲ့အရာတွေကို အတိအကျပြဋ္ဌာန်းပေးထားတယ်။ အများဆန္ဒအရလည်း ဒီပြဋ္ဌာန်းချက်တွေကို အပြောင်းအလဲလုပ်လို့မရဘူး။

တော်လှန်ရေးနဲ့ ပြုပြင်ပြောင်းလဲရေးခေါင်းစဉ်အောက်ကနေ အစ္စလာမ့်အခြေခံစံနှုန်းအများအပြား ရိုက်ချိုးခံခဲ့ရတယ်။ တူရကီနိုင်ငံက မွတ်ဆွဲသွဖားလ်ကမားလ်ရဲ့ ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုကနေ အီဂျစ်က ဂျမားလ်အဗ္ဗဒွလ်နာစွရ်နဲ့ အီရတ်က အဗ္ဗဒွလ်ကရီးမ်ကာစင်မ်တို့ရဲ့ ပြုပြင်ပြောင်းလဲရေးခေါင်းစဉ်အောက်မှာ အစ္စလာမ့်စံနှုန်းနဲ့ အစ္စလာမ့်အတွေးအမြင်တွေ ရိုက်ချိုးဖျက်ဆီးခံခဲ့ရတယ်။ လွတ်လပ်ခွင့်အပြည့်အဝရရှိဖို့နဲ့ အခြေအနေယိုယွင်းမှုကို ပြုပြင်ပြောင်းလဲမယ်လို့ ကြွေးကြော်ပြီး စတင်ခဲ့တဲ့ ဒီလှုပ်ရှားမှုတွေဟာ ဖိနှိပ်မှု၊ ကန့်သတ်ချုပ်ခြယ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ မတရားဖမ်းဆီးချုပ်နှောင်မှုနဲ့ သတ်ဖြတ်မှုပေါင်းများစွာ ဖြစ်စေခဲ့တယ်။

ဆင့်ကဲပြောင်းလဲဖြစ်စဉ်အတွေးအမြင် (Theory of evolution)

အစ္စလာမ်သာသနာရဲ့ သောင်ဟီးဒ်ယုံကြည်ချက်ကို ဝေဖန်တိုက်ခိုက်ရာမှာ **Charles Darwin** ရဲ့ ဆင့်ကဲပြောင်းလဲဖြစ်စဉ်အတွေးအမြင်က အလွန်ထိရောက်ခဲ့တယ်။ ဒီအမြင်အရ လူသားဆိုတာ ဖန်ဆင်းခံရတာ မဟုတ်ဘူး။ သဘာဝအရ အလိုလျောက် ဆင့်ကဲပြောင်းလဲဖြစ်ပေါ်လာခြင်း ဖြစ်တယ်။ မျောက်အသွင်နဲ့ အခြားအဆင့်အသီးသီးကိုကျော်ဖြတ်ပြီးမှ လက်ရှိလူသားပုံစံ ဖြစ်ပေါ်လာခြင်းဖြစ်တယ်။ ဘာသာရေးယုံကြည်ချက်တွေကို တော်လှန်ပုန်ကန်နေတဲ့ ဥရောပလူ့အဖွဲ့အစည်းမှာ ဒီအတွေးအမြင်ဟာ လူကြိုက်များခဲ့တယ်။ ဒီအတွေးအမြင်ဟာ စိတ်ကူးယဉ်အမြင်တစ်ခုသာဖြစ်ကြောင်း ဆန်းစစ်သုတေသနလုပ်ပြီး တင်ပြထားတဲ့ ပညာရှင်အချို့ရဲ့ သုတေသနစာတမ်းတွေလည်းရှိပါတယ်။

အခန်း ၅။ ဖရီးမေဆင်လှုပ်ရှားမှု (Freemasonry)

ဂျူးလူမျိုးအချို့ရဲ့ထိန်းချုပ်ကွပ်ကဲမှုအောက်မှာ ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုများဆောင်ရွက်နေတဲ့ လျှို့ဝှက်အဖွဲ့အစည်းတစ်ခုဖြစ်တယ်။ အပေါ်ယံအသွင်အပြင်အရ ဒီအဖွဲ့အစည်းဟာ လောကီပညာရပ်တွေကို ထိန်းသိမ်းစောင့်ရှောက်ပြီး စိတ်ဝိညာဉ်ရေးရာလွတ်မြောက်မှုအတွက် ကြိုးပမ်းဆောင်ရွက်ရင်း ချစ်ခင်မှုတိုးပွားရေးကို ရည်ရွယ်တယ်။ သို့သော် အဖွဲ့ရဲ့သရုပ်မှန်က အပေါ်ယံအမြင်နဲ့ဆန့်ကျင်ဘက်ဖြစ်တယ်။ အရေးပါအရာရောက်တဲ့ပုဂ္ဂိုလ်တွေကို အဖွဲ့ဝင်အဖြစ်သိမ်းသွင်းပြီး လိုအပ်သလို အသုံးချခြင်းကဲ့သို့ လူအများမထင်မှတ်ထားလောက်တဲ့ကိစ္စရပ်တွေကို ဒီအဖွဲ့က လုပ်ဆောင်ကြတယ်။

အလွန်လျှို့ဝှက်တဲ့အတွက် အဖွဲ့စတင်ဖြစ်ပေါ်လာပုံနဲ့ပတ်သတ်ပြီး အဆိုကွဲကြတယ်။ အနီးစပ်ဆုံးအဆိုအရ အစွန်းရောက်ဂျူးလူမျိုးတစ်ဦးဖြစ်တဲ့ ပါလက်စတိုင်းဒေသရဲ့ ရောမဘုရင်ခံ **Herod (၂)** က ခရစ်နှစ် (၄၄) ခုနှစ်မှာ စတင်တည်ထောင်ခဲ့ခြင်းဖြစ်တယ်။ စတင်ပြန့်နှံ့နေပြီဖြစ်တဲ့ ခရစ်ယာန်သာသနာကိုဟန့်တားရန်၊ တစ်ကမ္ဘာလုံးကို ဂျူးလူမျိုးများထိန်းချုပ်နိုင်ရန်စတဲ့ ရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းထားခြင်းဖြစ်တယ်။ အစ္စလာမ်သာသနာပြန့်ပွားလာချိန်မှာလည်း ဟန့်တားဖို့ ဆက်လက်ကြိုးပမ်းခဲ့တယ်။ စတင်ဖွဲ့စည်းချိန်ကနေ (၁၇၁၅) ခုနှစ်အထိ "လျှို့ဝှက်အင်အားစု" အမည်နဲ့ လှုပ်ရှားခဲ့တယ်။ (၁၇၁၅) ခုနှစ်ကနေ စတင်ပြီး ဖရီးမေဆင်နာမည်နဲ့ လှုပ်ရှားခဲ့တယ်။ ဒါကတော့ ဖရီးမေဆင်ဂိုဏ်းရဲ့ ပထမအဆင့်ဖြတ်သန်းမှုပုံစံဖြစ်တယ်။ လျှို့ဝှက်အမှတ်အသားများကို အသုံးပြုလေ့ရှိပြီး လျှို့ဝှက်အစည်းအဝေးများ ကျင်းပလေ့ရှိတယ်။

ဒုတိယအဆင့်ဖြတ်သန်းမှုအနေနဲ့ (၁၇၇၀) ခုနှစ်မှာ ဘာသာမဲ့တစ်ဦးဖြစ်တဲ့ **Adam Weishaupt** ရဲ့ဦးဆောင်မှုနဲ့ ဖရီးမေဆင်လှုပ်ရှားမှု ပြန်လည်စတင်ခဲ့တယ်။ ပညာရေးနဲ့ လွတ်လပ်စွာတွေးခေါ်ရေးခေါင်းစဉ်အောက်ကနေ တစ်ကမ္ဘာလုံးကို အာဏာလွှမ်းမိုးနိုင်ရေးအတွက် ကျယ်ပြန့်စွာလုပ်ဆောင်ခဲ့တယ်။ အရေးပါတဲ့

အုပ်ချုပ်ရေးနဲ့ ပညာရေးနယ်ပယ်က ထိပ်သီးပုဂ္ဂိုလ်နှစ်ထောင်ခန့်ကို ထိန်းချုပ်ကြိုးကိုင်နိုင်ခဲ့ပြီး အရှေ့အလယ်ပိုင်းညီလာခံကို ကျင်းပခဲ့တယ်။ ရည်ရွယ်ချက်အစစ်အမှန်တွေကို ဖုံကွယ်ထားပြီး လျှို့ဝှက်အစီအစဉ်များ ချမှတ်လုပ်ဆောင်ခဲ့တယ်။

ဖရီးမေဆင်အဖွဲ့၏အတွေးအမြင်များနဲ့ရည်ရွယ်ချက်များ

❍ ဖန်ဆင်းရှင်၊ တမန်တော်များ၊ ကောင်းကင်ကျမ်းများ၊ အကွယ်နဲ့သက်ဆိုင်တဲ့ယုံကြည်ချက်များကို စိတ်ကူးယဉ်အတွေးအမြင်များအဖြစ် သတ်မှတ်တယ်။

❍ ဘာသာသာသနာများကို ဖျက်ဆီးခြင်း၊ အစစ်အမှန်ပုံစံပျက်အောင် ဆောင်ရွက်ကြတယ်။

❍ ရှရီအသ်နဲ့အညီအုပ်ချုပ်သောအစိုးရများကို နည်းလမ်းအမျိုးမျိုးသုံးပြီး ဖြုတ်ချခြင်း၊ ၎င်းတို့ကြိုးဆွဲနိုင်မယ့် ရုပ်သေးအစိုးရများကို တင်မြှောက်ကြတယ်။

❍ ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်တဲ့နေရာမှာ အမျိုးသမီးများကို အသုံးချကြတယ်။

❍ အုပ်စုကွဲများအကြား သွေးထိုးလှုံ့ဆော်ပေးခြင်း၊ လက်နက်တပ်ဆင်ပေးခြင်းများပြုလုပ်ပြီး အချင်းချင်းပြဿနာများနဲ့ ရှုပ်ထွေးစေတယ်။

❍ ကိုယ်ကျင့်တရားစံနှုန်းများနဲ့ ဘာသာရေးယုံကြည်ချက်များကိုတိုက်ခိုက်ပြီး စိတ်အလိုဆန္ဒနောက်ကိုလိုက်စေတဲ့အတွေးအခေါ်နဲ့ ဘာသာမဲ့အယူဝါဒများ ဖြန့်ဝေကြတယ်။

❍ နယ်ပယ်အသီးသီးက အရေးပါအရာရောက်တဲ့ပုဂ္ဂိုလ်များကို နည်းလမ်းမျိုးစုံသုံးပြီး ချုပ်ကိုင်အသုံးချကြတယ်။

❍ ဖရီးမေဆင်အဖွဲ့ဝင်များဟာ ဘာသာရေး၊ ကိုယ်ကျင့်တရား၊ နေရာဒေသအစွဲ တစ်ခုမှ မထားရဘဲ သီးသန့်ဖရီးမေဆင်အတွက်သာ သစ္စာခံရမယ်လို့ စည်းကမ်း သတ်မှတ်ထားတယ်။

❍ ဖရီးမေဆင်ရဲ့ရည်ရွယ်ချက်ကို အဟန့်အတားပြုတဲ့ မည်သည့်ပုဂ္ဂိုလ်ကိုမဆို အမြစ်ဖြတ်သုတ်သင်ကြတယ်။

❍ မီဒီယာနဲ့ သတင်းဌာနများကို ထိန်းချုပ်နိုင်ဖို့ ကြိုးစားကြတယ်။

ကမ္ဘာလုံးဆိုင်ရာပဋိပက္ခများနဲ့ အစ္စလာမ့်နိုင်ငံတွေမှာဖြစ်ခဲ့တဲ့ ပြဿနာ အကြီးအသေးတော်တော်များများရဲ့နောက်ကွယ်မှာ ဖရီးမေဆင်အဖွဲ့ရဲ့ လက်မဲကြီး ရှိနေပါတယ်။ အော်တိုမန်အင်ပါယာပြိုကွဲပျက်ဆီးသွားခြင်းရဲ့ နောက်ကွယ်တရား ခံတွေထဲမှာလည်း ဖရီးမေဆင်အဖွဲ့ပါဝင်ပါတယ်။

ကမ္ဘာ့စူပါပါဝါဖြစ်တဲ့ အမေရိကန်နိုင်ငံရဲ့ သမ္မတအဆက်ဆက်မှာ ဖရီးမေဆင် အဖွဲ့ဝင်အဖြစ်ထင်ရှားခဲ့သူ အများအပြားရှိခြင်း၊ အမေရိကန် (၁) ဒေါ်လာမှာ ဖရီး မေဆင်အမှတ်တံဆိပ်ပါဝင်နေခြင်း၊ အမေရိကန်နိုင်ငံအမှတ်တံဆိပ်မှာ ဖရီးမေဆင် လက္ခဏာများပါနေခြင်း စတဲ့အချက်တွေကို ကြည့်ခြင်းအားဖြင့် ဖရီးမေဆင်အဖွဲ့ရဲ့ လွှမ်းမိုးနိုင်စွမ်းကို သိနိုင်ပါတယ်။

အခန်း ၆။ အစ္စလာမ့်နိုးကြားရေးလှုပ်ရှားမှုများ

(၁၉) ရာစုအလယ်ခန့်ကနေ (၂၀) ရာစုအလယ်ပိုင်းအထိ မွတ်စ်လင်မ်နိုင်ငံတွေမှာ အစ္စလာမ့်အတွေးအခေါ်နဲ့ အစ္စလာမ့်ရေးရာပညာရပ်တွေ ယုတ်လျော့ကျဆင်းခဲ့တယ်။ ကုရ်အာန်၊ ဟဒီးဆ်နဲ့ အစ္စလာမ့်သမိုင်းတွေ ပုံဖျက်ခံခဲ့ရတယ်။ အစ္စလာမ်ဆိုတာ အကြမ်းဖက်သာသနာ၊ အတွေးအခေါ်ကျဉ်းမြောင်းတဲ့သာသနာ၊ ခေတ်နောက်ပြန်ဆွဲတဲ့သာသနာအဖြစ် ပုံဖော်တင်ပြခံခဲ့ရတယ်။ မွတ်စ်လင်မ်လူ့အဖွဲ့အစည်းရဲ့ ကဏ္ဍအသီးသီးမှာ အနောက်တိုင်းအတွေးအခေါ်တွေ နေရာယူခဲ့တယ်။

သာသနာ့ပညာသင်ကျောင်းတွေနဲ့ သာသနာ့ပညာရှင်တွေကလည်း ဒီလိုအကြပ်အတည်းကြားကနေပဲ အစ္စလာမ့်သရုပ်မှန်နဲ့ အစ္စလာမ့်အတွေးအခေါ်ယုံကြည်ချက်တွေကို ခက်ခက်ခဲခဲထိန်းသိမ်းထားခဲ့တယ်။ ဒီပုဂ္ဂိုလ်တွေရဲ့ ကြံ့ကြံ့ခံရပ်တည်ကာကွယ်မှုတွေဟာ အားနည်းလင့်ကစား အစ္စလာမ့်ဓမ္မစစ်တရားပပျောက်သွားခြင်းမရှိအောင် ကာကွယ်ပေးထားနိုင်ခဲ့တယ်။ ပြန်လည်နိုးထဖို့ အစပျိုးရာ ဗဟိုချက်တွေဖြစ်ခဲ့တယ်။

ဒီလိုနဲ့ (၂၀) ရာစုအလယ်ကျော်လောက်မှာ အစ္စလာမ့်စနစ်နေရာ အစားထိုးကျင့်သုံးထားတဲ့ ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ မျိုးချစ်စိတ်ဓာတ်၊ ဘာသာရေးမစွက်သောနိုင်ငံရေးစတဲ့ စနစ်အမျိုးမျိုးရဲ့ ဦးဆောင်မှုအောက်မှာ အစ္စလာမ့်နိုင်ငံတွေ ပြောင်းလဲတိုးတတ်လာခြင်းမရှိတာ ပေါ်လွင်ထင်ရှားလာတယ်။ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကာကွယ်ရေးစတဲ့ ကဏ္ဍတိုင်းမှာ တိုးတတ်မှုတစ်ခုမှရှိမလာခဲ့ဘူး။ ဒါကြောင့် မွတ်စ်လင်မ်လူထုအတွင်းမှာ အစ္စလာမ့်အတွေးအမြင်နဲ့ အစ္စလာမ့်စနစ်ကို စိတ်ပါဝင်စားမှုမြင့်တက်လာခဲ့တယ်။

(၁၉၆၇) ခုနှစ်မှာဖြစ်ခဲ့တဲ့ အစ္စရေး - အရဗ် ခြောက်ရက်ကြာစစ်ပွဲမှာ အရဗ်တွေ အရှက်တကွဲ ရှုံးနိမ့်ခဲ့တယ်။ အစ္စလာမ့်စနစ်ကိုပစ်ပယ်ပြီး အနောက်တိုင်းစနစ်ကို

ကျင့်သုံးနေတဲ့ အရဗ်ခေါင်းဆောင်တွေရဲ့ရှုံးနိမ့်မှုဟာ မွတ်စ်လင်မ်လူထုကို စိတ်ပျက်စေခဲ့တယ်။ အထင်တကြီးကျင့်သုံးနေတဲ့ ဒီစနစ်တွေကို လူထုက ယုံကြည်မှုလျော့နည်းလာတယ်။ တိုးတတ်ခေတ်မီတယ်လို့ယူဆပြီး အသက်သွင်းထားတဲ့ အနောက်တိုင်းနည်းစနစ်တွေဟာ ဘာသာရေးအပေါ်အခြေခံပြီး တည်ထောင်ထားတဲ့ အစ္စရေးကို ရှုံးနိမ့်ခဲ့တယ်။

ဒီအကြပ်အတည်းကနေ အစ္စလာမ့်ညီညွတ်ရေးရဲ့အရေးပါမှုနဲ့ အမျိုးသားရေးဝါဒရဲ့ အားနည်းချက်ကို မွတ်စ်လင်မ်တွေသိရှိလာခဲ့တယ်။ အစ္စလာမ့်နိုးကြားမှုစတင်အသက်ဝင်လာခဲ့တယ်။ အစ္စလာမ်ကိုအခြေခံပြီး မွတ်စ်လင်မ်တွေစည်းလုံးဖို့လိုအပ်ကြောင်း၊ ကမ္ဘာ့အသီးသီးမှာ အစ္စလာမ့်အခြေခံစည်းမျဥ်းတွေကို ပြန်လည်အသက်သွင်းဖို့လိုအပ်ကြောင်း မွတ်စ်လင်မ်လူထုက ခံစားမိလာတယ်။

အစ္စလာမ်သာသနာကိုအခြေခံပြီးဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းအများအပြားပေါ်ထွက်လာတယ်။ တူရကီနိုင်ငံမှာဆိုရင် ယခင်ပိတ်ပင်ခံထားရတဲ့ အစ္စလာမ့်ရေးရာလုပ်ငန်းဆောင်တာတွေကို ပြန်လည်ပြုလုပ်ခွင့်ရလာတယ်။ မွတ်စ်လင်မ်ညီညွတ်ရေးလှုပ်ရှားမှုတွေ အားကောင်းလာခဲ့တယ်။ ဥရောပနိုင်ငံတွေမှာပါ အစ္စလာမ်သာသနာနဲ့ပတ်သတ်ပြီး မိတ်ဆက်တင်ပြတဲ့လှုပ်ရှားမှုတွေ ဆောင်ရွက်လာနိုင်ခဲ့တယ်။

ဝေဖန်ထိုးနှက်ချက်တွေကို ပြန်လည်ချေပပြီး အစ္စလာမ့်သရုပ်မှန်ကိုတင်ပြတဲ့စာပေတွေ တွင်ကျယ်လာခဲ့တယ်။ အစ္စလာမ့်ရေးရာမဂ္ဂဇင်းတွေ၊ ဂျာနယ်တွေကိုလည်း ကျယ်ပြန့်စွာရေးသားဖြန့်ချိလာနိုင်တယ်။ အစ္စလာမ့်ရေးရာသုတေသနဌာနအများအပြား ပေါ်ထွန်းလာခဲ့တယ်။ ခေတ်နဲ့အညီ အစ္စလာမ်ကို မှန်ကန်စွာတင်ဆက်ပြသလာနိုင်ခဲ့တယ်။

အစ္စလာမ့်ရေးရာနိုးကြားမှုတွေ ပြန်လည်အသက်ဝင်လာခဲ့ပေမဲ့ နှစ်ပေါင်းများစွာ ဖိနှိပ်ခံထားရတဲ့ အစ္စလာမ့်အတွေးအမြင်တွေ ပြန်လည်ရှင်သန်ဖို့အတွက်

ကြိုးပမ်းမှုအများအပြား လိုအပ်နေပါသေးတယ်။ အထူးသဖြင့် မျိုးဆက်သစ် လူငယ်တွေကို အစ္စလာမ့်ကမ္ဘာနဲ့မွတ်စ်လင်မ်ထုရဲ့အခြေအနေမှန်ကိုသိမြင်ဖို့ အသိပညာပေးရေးလှုပ်ရှားမှုတွေကနေ စတင်ရပါမယ်။

ပြောင်းလဲလာသောအခြေအနေများနှင့်ကျွန်ုပ်တို့၏တာဝန်

လက်ရှိအခြေအနေက အစ္စလာမ့်ရေးရာလှုပ်ရှားမှုတွေ စတင်အသက်ဝင်နေချိန်ဖြစ်တယ်။ ဒီလိုအခြေအနေမှာ အစ္စလာမ်ကိုမိတ်ဆက်တင်ပြတဲ့အချိန် အစ္စလာမ်ဆိုတာ ခေတ်ကာလတိုင်းနဲ့ကိုက်ညီပြီး အခြေအနေတိုင်းမှာ အံဝင်ခွင်ကျ ပုံဖော်လို့ရတဲ့ လမ်းစဉ်တစ်ခုဖြစ်ကြောင်း တင်ဆက်ပြသဖို့ အရေးကြီးပါတယ်။ ဒီလိုလှုပ်ရှားမှုတွေဆောင်ရွက်ရာမှာ လက်ကိုင်ထားဖို့အရေးကြီးတဲ့ အခြေခံအချက်တွေက အောက်ပါအတိုင်းဖြစ်တယ်။

❍ ကုရ်အာန်ကျမ်းမြတ်နဲ့ဟဒီးဆ်တော်များက လမ်းညွှန်ထားသော ခိုင်မာရှင်းလင်းတဲ့ အစ္စလာမ့်ယုံကြည်ချက်များကို ခိုင်မာစွာဆုပ်ကိုင်ထားရန်။

❍ ယုံကြည်ချက်ခိုင်မာစေမဲ့ စိတ်ပိုင်းဆိုင်ရာပြုစုပျိုးထောင်ပေးခြင်း အစီအစဉ်များချမှတ်ရန်။

❍ တစ်ဦးချင်းကျင့်ကြံအားထုတ်မှုသာမက အများနဲ့ထိတွေ့ဆက်ဆံရတဲ့ ကဏ္ဍများမှာပါ အစ္စလာမ်သာသနာက လမ်းညွှန်ထားသောကိုယ်ကျင့်တရားများ၊ စာရိတ္တမွန်များကို လက်ကိုင်ပြုရန်။

❍ ပညာရေးဆိုင်ရာသုတေသနများနဲ့ လက်တွေ့ကွင်းဆင်းလေ့လာမှုများပြုလုပ်ပြီး မွတ်စ်လင်မ်အများဆီမှာစွဲကပ်နေတဲ့ အနောက်တိုင်းအတွေးအခေါ်များကို သန့်စင်ပေးရန်။

❍ ဘာသာခြားပညာတတ်များနဲ့ တွေ့ဆုံပွဲများပြုလုပ်ပြီး အစ္စလာမ့်သရုပ်မှန်ကို ရှင်းလင်းတင်ပြရန်။

စသဖြင့် ဒေသခံပညာရှင်များရဲ့ အခြားသောလမ်းညွှန်မှုများနဲ့အညီ ကြိုးပမ်းမှုတွေ လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

နောက်ဆက်တွဲဆောင်းပါး

အစ္စလာမ့်ကမ္ဘာကိုအတွေးအခေါ်စစ်ဆင်မှုပြုနေသူများနှင့် ၎င်းတို့ကိုရင်ဆိုင်နည်း

(မူရင်းဆောင်းပါးရှင် မရ်ယမ်ဂျမီလာရဲ့ အင်္ဂလိပ်ဘာသာနဲ့ရေးသားထားတဲ့ ဆောင်းပါးကို မော်လနာဝါသွေ့ဟ်ရရှီးဒ်က အရဗီဘာသာသို့ပြန်ဆိုထားပါတယ်။ ဒီဆောင်းပါးကို အတိုချုံးတင်ဆက်လိုက်ပါတယ်)

အုပ်ချုပ်ရေးနဲ့ယဉ်ကျေးမှုအရကိုလိုနီပြုခြင်း

ပထမကမ္ဘာစစ်ပြီးတဲ့နောက်မှာ (၁၉၂၄) ခုနှစ်မှာ အော်တိုမန်အင်ပါယာပျက်သုဉ်းတယ်။ တူရကီလည်း ကွန်မြူနစ်နိုင်ငံဖြစ်သွားတယ်။ အစ္စလာမ့်နိုင်ငံတွေလည်း ဥရောပနိုင်ငံတွေရဲ့ လက်အောက်ကျရောက်ခဲ့တယ်။ ဒီကာလအတွင်း အစ္စလာမ့်လူ့အဖွဲ့အစည်းထဲကို ဥရောပယဉ်ကျေးမှုနဲ့အတွေးအခေါ်တွေ နည်းလမ်းပေါင်းစုံနဲ့ သွတ်သွင်းခြင်းခံခဲ့ရတယ်။ ဥရောပရဲ့လက်အောက်ခံအဖြစ်ကနေလွတ်လပ်ရေးရပြီးနောက်ပိုင်းမှာလည်း အပြည့်အဝလွတ်လပ်ရေးရတယ်လို့ မဆိုနိုင်သေးဘူး။ စီးပွားရေးနဲ့စစ်ရေးအရ ဥရောပအပေါ် မှီခိုနေရဆဲဖြစ်တယ်။ အတွေးအခေါ်နဲ့ယဉ်ကျေးမှုအရ ဥရောပလက်အောက်ခံအဖြစ် ရှိနေဆဲဖြစ်တယ်။

လက်ရှိအချိန် အထိရောက်ဆုံး အနောက်တိုင်းယဉ်ကျေးမှုဖြန့်ချိရာလမ်းကြောင်းများက အမျိုးမျိုးသော ရုပ်သံမီဒီယာများဖြစ်တယ်။ ရုပ်ရှင်ဇာတ်လမ်းမျိုးစုံ၊ သတင်းဆောင်းပါးတွေနဲ့အတူ အခြားဖြေဖျော်ရေးကဏ္ဍပေါင်းစုံကနေ အနောက်တိုင်းယဉ်ကျေးမှုကို တင်ဆက်ပေးလျက်ရှိတယ်။ ကိုလိုနီခေတ်လွန် ဒီဖြန့်ဝေမှုက

ကိုလိုနီခေတ်အတွင်းက ပညာသင်ကြားရေးလမ်းကြောင်းကနေ ဖြန့်ဝေမှုထက် သာပိုထိရောက်ပါတယ်။ ပညာသင်ကြားရေးလမ်းကြောင်းက အရေအတွက်အကန့်အသတ်နဲ့သာလုပ်ဆောင်နိုင်တာဖြစ်ပြီး မီဒီယာအစုံအလင်ကနေဖြန့်ဝေမှုဟာ လူတိုင်းလက်လှမ်းမှီတဲ့အနေအထားမှာ ရှိတဲ့အတွက်ဖြစ်တယ်။

အနောက်နိုင်ငံတွေဆီ ပညာတော်သင်ကျောင်းသားလူငယ်များခေါ်ယူပြီး ဥရောပယဉ်ကျေးမှုနဲ့ ထိတွေ့ရင်းနှီးကျင့်သုံးစေပြီး မိခင်နိုင်ငံတွေမှာ ၎င်းတို့ရဲ့ ကိုယ်စားလှယ်များအဖြစ် ပြန်လည်အသုံးချတဲ့နည်းကိုလည်း ကိုလိုနီခေတ်လွန်မှာ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်တယ်။

အတွေးအခေါ်စစ်ဆင်ရေးရဲ့အကြီးဆုံးရလဒ်က မွတ်စ်လင်မ်တစ်ဦးကို အစ္စလာမ့်လမ်းစဉ်ကနေဝေးကွာစေပြီး နာမည်ခံမွတ်စ်လင်မ်အဖြစ် ရှင်သန်နေထိုင်စေခြင်းဖြစ်တယ်။

အတွေးအခေါ်ထိုးစစ်ကိုရင်ဆိုင်ရန်နည်းလမ်းများ

အနောက်တိုင်းရဲ့အတွေးအခေါ်ထိုးစစ်ကိုရင်ဆိုင်တဲ့အခါ လိုအပ်တဲ့နည်းလမ်းတွေကို တင်ပြပါမယ်။ မွတ်စ်လင်မ်တွေရဲ့အတွေးထဲမှာဝင်ရောက်နေတဲ့ သိမ်ငယ်မှုနဲ့ မိမိကိုယ်ကိုယုံကြည်မှုပျောက်ဆုံးခြင်းများ လျော့ပါးပပျောက်စေဖို့ အစ္စလာမ့်သမိုင်းနဲ့ သမိုင်းဝင်သူရဲကောင်းတွေအကြောင်း မျိုးဆက်သစ်မွတ်စ်လင်မ်လူငယ်များကို သင်ကြားပို့ချပေးရပါမယ်။ ဒီနည်းလမ်းဟာ ရဲစွမ်းသတ္တိရှိစေခြင်း၊ မိမိတို့ရဲ့ဖြစ်တည်မှုကိုဂုဏ်ယူစေခြင်း၊ အနာဂတ်အတွက် ရည်မှန်းချက်များချမှတ်စေခြင်းစတဲ့ စိတ်ပိုင်းဆိုင်ရာအကျိုးရလဒ်များဖြစ်ထွန်းစေပါတယ်။ အထူးသဖြင့် ဥရောပကိုလိုနီနိုင်ငံတွေကို တော်လှန်တိုက်ခိုက်ခဲ့တဲ့ မွတ်စ်လင်မ်တော်လှန်ရေးသမားများရဲ့ တော်လှန်ရေးသမိုင်းကြောင်းများကို မျှဝေပို့ချရပါမယ်။

အစ္စလာမ့်လမ်းညွှန်ချက်နဲ့ဆန့်ကျင်တဲ့ လူမျိုးကြီးဝါဒ၊ ပုဂ္ဂိုလ်စွဲအဖွဲ့စွဲစိတ်ဓာတ်များကို မွတ်စ်လင်မ်အားလုံးဟာ ညီနောင်များဖြစ်တယ်ဆိုတဲ့ အခြေခံမူနဲ့ တိုက်ဖျက်ရမယ်။ အထူးသဖြင့် ကျောင်းသင်ရိုးတွေမှာ ဒီအချက်ကို အထူးအလေးပေးသင်ကြားရမယ်။ မွတ်စ်လင်မ်ဖြစ်ခြင်းခေါင်းစဉ်အောက်မှာ စုစည်းသွားမယ့် မျိုးဆက်သစ်မွတ်စ်လင်မ်လူငယ်များပေါ်ပေါက်လာဖို့ အရေးကြီးပါတယ်။

အရေးအကြီးဆုံးအချက်တစ်ချက်က ကျမ်းတော်မြတ်ကုရ်အာန်နဲ့ ဟဒီးဆ်တော်များကို အဓိပ္ပါယ်အနှစ်သာရတို့နဲ့တကွ သင်ကြားပေးရေးအစီအစဉ်များကို သာသနာ့ပညာသင်ကျောင်းများအပြင် အများမွတ်စ်လင်မ်တို့အတွက်ပါ ဆောင်ရွက်ပေးရပါမယ်။ မိမိတို့ဒေသအတွင်း လုပ်ဆောင်ဖို့လိုအပ်တဲ့အချက်များကို အသေးစိတ်ချမှတ်နိုင်ဖို့အတွက် ဒေသခံပညာရှင်တို့အနေနဲ့ စုပေါင်းနှီးနှောတိုင်ပင်မှုများ ပြုလုပ်ရန် လိုအပ်ပါတယ်။